ပုဗ္ဗေစ ကတပုညတာ၊ အတ္တသမ္မာပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ၊ ပုဇ္ဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၅)

မူဝါဒလမ်းစဉ်ခုနစ်ရပ် မဖြစ်မနေအကောင်အထည်ဖော်သွားမည် နိုင်ငံတကာမိတ်ဆွေများ၏ ထောက်ခံမှုရရှိမည်မျှော်လင့် နှစ်သစ်တွင်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ရရှိမည်ယုံကြည်

ရန်ကုန် ဇန်နဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ မြက်ခင်းပြင်၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Simon Tensing de Cruz နှင့်ဇနီးတို့ အမှူးပြုသောနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကိုယ်ပိုင်အမျိုးသားစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ရှိနေပြီး ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်ပေသည်။ ဤသို့လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန် ကိုယ်ပိုင်အမျိုးသား စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍတိုင်းတွင် မြိုးခြိမ်ချွေတာရေး၊ အလေအလွင့်မရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စသည့် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၅)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ပြသထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ထောက်ခံသည့် လူထုအစည်းအဝေး မှတ်တမ်းတင် ဓာတ်ပုံများပြကွက်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

လွတ်လပ်ရေးထိန်းသိမ်းကာကွယ်လိုစိတ် တဖွားဖွားဖြစ်ပေါ်စေမည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြပွဲ

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–သိန်းဝင်းလေး

ရန်ကုန် ဇန်နဝါရီ ၂

လွတ်လပ်ရေးကိုမြတ်နိုးပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်စေမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၃ ရက်(ယနေ့)မှ ဇန်နဝါရီ ၁၁ ရက်အထိ ခင်းကျင်းပြသတော့မည်ဖြစ်သည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ▼

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ကျူးထားသည့်ပြကွက်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

နိုင်ငံတော်နှင့်တပ်မတော်အတွက် အားထားရမည့်ဆေးပညာရှင်ဖြစ်အောင်ကြိုးပမ်း နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန် ဆတက်ထမ်းပိုး ထမ်းရွက်

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်ကာလတွင် သန္ဓေတည် ပေါက်ဖွားလာခဲ့သည်။ စတင်ဖွဲ့စည်းစဉ်ကပင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်သူများ၊ ကိုယ်ကျိုးစွန့် အနစ်နာခံလိုသူများ၊ ဒေါင်ဒေါင်မြည် အမျိုးသားနိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းခဲ့ပြီး အစဉ်အလာကောင်း ၁၂ ရပ်နှင့်အညီ သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်သည်။

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်စွာ တာဝန် ထမ်းဆောင်ခဲ့ကြသည့် သမားဇာနည် အောင်စစ်သည်များ ဖြစ်ကြသည်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင်-

"တို့နိုင်ငံကို ပြည်ပက ဆရာဝန်တွေ လာရောက်ပြီး ပူးတွဲကုသကြခြင်းဟာ အတွေ့အကြုံကို လာယူနေကြခြင်းဖြစ်တယ်။ ရဲဘော်တို့ဟာလဲ နိုင်ငံတော်အတွင်း ရောက်လေရာ ဒေသတိုင်းမှာ အတွေ့အကြုံသစ်တွေကို စိတ်အားထက်သန်စွာရှာဖွေပြီး မှတ်တမ်းတင်ကြရမယ်။ ကုသမှု သက်သက်ကိုသာ မဆောင်ရွက်ဘဲ သုတေသနလုပ်ငန်းကို မှတ်တမ်းမှတ်ရာနဲ့ ဆောင်ရွက်ကြရမယ်။ ဒေသအလိုက် ကျန်းမာရေးအသိပညာ အတိုင်းအတာ၊ ဒေသရဲ့လူမှုရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သော ရောဂါဝေဒနာ၊ လိုအပ်နေတဲ့ ကာကွယ်စောင့်ရှောက်မှု စတဲ့အချက်တွေဟာ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုစေမှာ ဖြစ်တဲ့အတွက် အချက်အလက်တွေကို အမြော်အမြင် ရှိရှိနဲ့ စုဆောင်းကြရမယ်"

ဟု မိန့်ကြားသွားသည်။

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာနှင့်ပတ်သက်၍ တစ်ဆင့်ပြီးတစ်ဆင့် လေ့ကျင့်သွားကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်းပီသစွာ စစ်မြေပြင် အတွေ့အကြုံ ရင့်ကျက်စေရန် ဖြည့်ဆည်းသွားကြရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည့်သူများဖြစ်၍ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲဝံ့စွန့်စားသည့် စစ်ခေါင်းဆောင်များ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လက်အောက်ခံ တပ်ဖွဲ့ဝင်အားလုံး၏ ယုံကြည်အားကိုးသည့်ခေါင်းဆောင်ဖြစ်ရန် စိတ်ဓာတ် ကောင်းရမည်၊ စွမ်းရည်ရှိရမည်၊ သတ္တိဗျတ္တိရှိရမည်၊ စွန့်လွှတ်စွန့်စားရဲရမည်၊ ထိုးထွင်းတီထွင်ကြံဆ လုပ်ဆောင်တတ်ရမည်၊ ရည်မှန်းချက်တာဝန်ထမ်းဆောင်ရာတွင် စေ့စပ်သေချာ ကျွမ်းကျင်မှုရှိပြီး တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ရှေ့က မားမားမတ်မတ် ဦးဆောင်နိုင်ရမည်ဖြစ်သည်။

ယနေ့ချိန်ခါတွင် တပ်မတော်သည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကိုချမှတ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက် ပေးလျက်ရှိသည်။

ထို့အပြင် ပြည်သူလူထု၏ တစ်ဦးချင်းဝင်ငွေ တစ်နှစ်ထက်တစ်နှစ်တိုးတက်မြင့်မားပြီး နိုင်ငံ့စီးပွားတိုးတက်စေရန်လည်း ဆောင်ရွက်ပေးနေသည်။ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်နှင့်အမျှ ပြည်သူအများ အသက်ရှည်ကျန်းမာစေရန်၊ ပညာရည်မြင့်မားစေရန်နှင့် လူနေမှုဘဝ မြင့်မားစေရန်အတွက် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက် ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် သမားဇာနည်၊ အောင်စစ်သည်ဆိုသည့်အတိုင်း တပ်မတော် ဆေးဘက်ဆိုင်ရာတာဝန်များနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ကြရင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားလောက်သည့် ဆေးပညာရှင်များ ဖြစ်အောင် ကြိုးပမ်းကြရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းရွက်သွားကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက်က မြို့မအလယ် တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် စာဖတ်ပရိသတ်များ ကြည့်ရှုအားပေးစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘုရားအနေကဇာတင်ပွဲနှင့် ဆွမ်း၊ ဆီမီး၊ ရေချမ်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့က သတ္တမအကြိမ် ပဲခူးတိုင်း(အနောက်) ပြည်မြို့နယ် ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ပန်းတောင်းမြို့နယ် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးနှင့် ရွှေတောင်မြို့နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီးတို့အား အနေကဇာတင်ပွဲ၊ ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ သကြားလုံး ၉၉၀၀စီ ကပ်လှူပွဲနှင့် ဆရာတော်များအား ဆွမ်းဆက်ကပ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်၊ ၂၇ ရက်တို့တွင် ကျင်းပရာ ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား နံ့သာ ၉၉၀၀ကပ်လှူကာ စေတီတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသိရိက္ကန္ဒဝံသနှင့် သံဃာတော်ငါးပါးက ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး အဖွဲ့ဥက္ကဋ္ဌဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး) နှင့်အမှုဆောင်များက သံဃာတော်များအား နဝကမ္မအလှူတော်ငွေနှင့် စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံရယူသည်။

ဒီဇင်ဘာ ၂၇ ရက်နံနက်တွင် ရွှေဆံတော် စေတီတော်မြတ်ကြီး အား ဆွမ်း၊ ရေချမ်း၊ သကြားလုံး ၉၉၀၀စီ ကပ်လှူကြပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးက ဗုဒ္ဓါဘိသေက အနေကဇာ တင်ကြသည်။

ထို့နောက် ရင်ပြင်တော်ပေါ်ရှိ ကျားပျံဒေါ်ကောက်တန်ဆောင်း၌ ဩဝါဒါစရိယ ကွမ်းလောင်ကျောင်း ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာဂရထံမှ ငါးပါးသီလခံယူကာ အဖွဲ့နာယကများ၊အမှုဆောင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား သင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်ကြသည်။

ထိုနေ့ ည ၆ နာရီခွဲတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ရန်ကုန်မြို့ သုဝဏ္ဏနေ ဦးမောင်မောင်ဆန်း-ဒေါ်မြင့်မြင့်စိန် မိသားစုက လှူဒါန်းသည့် ဆီမီး ၉၉၀၀နှင့် နံ့သာ ၉၉၀၀ ကပ်လှူပွဲကျင်းပကြရာ ဒေသခံပြည်သူများ၊ ဘုရားဖူးများက ဆီမီး၊ နံ့သာများကို ထွန်းညှိပူဇော်ကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ၁ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးအစည်းအဝေးတွင် တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆွေးနွေးမှာကြားစဉ်။ (၂၁၀)

တော်ဝင်မြို့မ စာအုပ်တိုက်၊ ၇၇ (ခ)၊ ၃၈ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၉၅၇၃ က ထုတ်ဝေဖြန့်ချိသော အကြည်တော်၏ မိုးတိမ်ပုံပြင် စာအုပ်မျက်နှာဖုံး။ (က-ပ)

ဒီဇင်ဘာ ၂၈ ရက်က ၂၀၀၃ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲအခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိသော ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မနုထက်ထက်လွင်အား ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ဆုချီးမြှင့်စဉ်။ (က-ပ)

ပါဠိသဒ္ဒါအခြေခံ ဓမ္မဒါနသင်တန်း

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း ပါဠိသဒ္ဒါအခြေခံ(ခေတ်သစ်နည်း)ဓမ္မဒါနသင်တန်းကိုဇန်နဝါရီ ၃ ရက်(စနေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ စတင်ဖွင့်လှစ်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်ကြားမည်ဟု သိရသည်။ **(က-ပ)**

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ဂုဏ်ပြုညစာစားပွဲကျင်းပရာ တပ်မတော်ဧည့်ဂေဟာသို့ ရောက်ရှိကြပြီး ကြိုဆိုကြသည့် မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့်ဇနီးတို့အမှူးပြုသော သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား နှုတ်ဆက်ကြသည်။

ခင်မင်စွာတွေ့ဆုံနိုင်ရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် အချိန်ကစပြီး သံတမန်များက တွေ့ဆုံလိုကြောင်း မေတ္တာရပ်ခံချက် အများအပြားရရှိခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ တွေ့ဆုံရန် ဆန္ဒသဘောထားရှိသော်လည်း မြားမြောင်လှသည့် တာဝန်များကြောင့် တွေ့ဆုံရန် အခက်အခဲရှိခဲ့ကြောင်း၊ ထို့ကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးစွာတွေ့ဆုံနိုင်ရေးအတွက် ယခုကဲ့သို့ ညစာစားပွဲတစ်ရပ် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ကမ္ဘာတစ်လွှားမှာ နှစ်သစ်ကူးအချိန်ကာလသည် ပျော်ရွှင်ကြည်နူးသည့် အချိန်ကာလ၊ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် စုစည်းသည့်ကာလ၊ လာမည့်နှစ်ကို စောင့်မျှော်ကြိုဆိုသည့် ကာလဖြစ်သလို အသစ်ပြန်လည်လန်းဆန်းသည့်ကာလ အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်သည့် ကာလလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နှစ်သစ်ကို ကြိုဆိုရန် စုစည်းနေချိန်တွင် လွန်ခဲ့သည့်နှစ်အပေါ် ပြန်လည်သုံးသပ်ရမည်ဆိုလျှင် ၂၀၀၃ခုနှစ်သည် ပြည်တွင်းပြည်ပမှာ ထူးခြားသည့်နှစ်ဟု ဆိုရမှာဖြစ်ကြောင်း။

ငြိမ်းချမ်းရေးအသီးအပွင့်

ကမ္ဘာ့ဒေသ အများအပြား၌ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိနေသည်ကို တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းဆူပူသောင်းကျန်းမှုသည်လည်း ချုပ်ငြိမ်းလုနီးပါးဖြစ်နေပြီး နိုင်ငံ၏ ဒေသအသီးသီးမှာရှိကြသည့် ပြည်သူများသည်လည်း ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခံစားနိုင်ပြီဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍကို ကြည့်လျှင်လည်း မြန်မာနိုင်ငံသည် ပြည်ပဖိအားပေးမှုများကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ပြီး သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများကို ရရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံစီးပွားရေး၏ ကျောရိုးသဖွယ်ဖြစ်သည့် လယ်ယာကဏ္ဍ၌ အရည်အသွေးအရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း တိုးတက်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်အတွင်း လယ်ယာကဏ္ဍတွင် အထူးခြားဆုံးဖြစ်ရပ်တစ်ခုမှာ ဆန်စပါးနှင့်ပတ်သက်ပြီး လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခဲ့သည့်အတွက်လည်း ဈေးကွက်စီးပွားရေးကို ပိုမိုခိုင်မာစေ သည်ဟုဆိုနိုင်ကြောင်း၊ ပဏာမ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံကို လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ပိုမိုတိုးတက်လာလျက်ရှိပြီး နယ်စပ်မှတစ်ဆင့် ဝင်ရောက်လာသူများ၏ အရေအတွက်မှာလည်း ၂၀၀၂ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ဟုဆိုနိုင်ကြောင်း။

အလားတူစွာပင် လူမှုရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများ၌ ထူးခြားသော အောင်မြင်တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍမှာဆိုလျှင် ၂၀၀၃ ခုနှစ် တစ်နှစ်တည်း၌ ဆေးရုံသစ်ပေါင်း ၂၂၇ ဖွင့်လှစ်နိုင်ခဲ့ပြီး ရှိပြီးသားဆေးရုံ ခြောက်ရုံကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ၂၀၀၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ စာတတ်မြောက်သူ ဦးရေသည် ၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

အာဆီယံထောက်ခံမှုရရှိ

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး ထူးခြားသောဖြစ်ရပ်တစ်ခုမှာ စည်းကမ်းပြည့်ဝသော ခေတ်မီပြီး ဒီမိုကရေစီကျသည့် နိုင်ငံတော်သစ်ဆီကို ချောမွေ့စွာ ကူးပြောင်းနိုင်ရေးအတွက် အစီအစဉ်တစ်ရပ် ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၃၀ရက်တွင် မိမိအနေဖြင့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုချမှတ်နိုင်ခဲ့ကြောင်း၊အဆွေတော်များသိရှိသည့်အတိုင်း ထိုမူဝါဒလမ်းစဉ်ခုနစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံ ပြန်လည်ကျင်းပခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ကို အတည်ပြုခြင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများပြုလုပ်ခြင်း၊ လွှတ်တော်များ ကျင်းပခြင်းနှင့် အနာဂတ်တွင် နိုင်ငံတော်ကို ဦးဆောင်သွားမည့် နိုင်ငံတော်အကြီးအကဲများအား ရွေးချယ်တင်မြှောက်ခြင်း၊ အစိုးရအဖွဲ့နှင့်အခြားဗဟိုအာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ပါဝင်ကြောင်း၊ ဤရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို မြန်မာနိုင်ငံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုခဲ့သလို အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင်ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးညီလာခံမှာလည်း အာဆီယံခေါင်းဆောင်များ၏ ချီးကျူးထောက်ခံမှုကို ရရှိခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz က ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

ယခုအခါ ထိုလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အဓိကအဖွဲ့အစည်း သုံးဖွဲ့ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ထိုကော်မရှင်နှင့်ကော်မတီများသည် အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်နှင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် တူညီဆန္ဒရရှိရန်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း၊ မိမိအနေဖြင့် အမျိုးသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရန်နှင့်သက်ဆိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလူမျိုးများနေထိုင်သည့် တိုင်းနှင့် ပြည်နယ်များကို ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ခဲ့ကြောင်း။

အမျိုးသားညီလာခံပါဝင်ရန်ဆန္ဒရှိ

မိမိအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့အနက် ခြောက်ဖွဲ့မှ ခေါင်းဆောင်များနှင့် များမကြာမီက တွေ့ဆုံခဲ့ရာတွင် ထိုခြောက်ဖွဲ့စလုံးက ရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုကြောင်းနှင့် အမျိုးသားညီလာခံတွင် ပါဝင်ရန်ဆန္ဒရှိကြောင်း အတည်ပြုပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံသွားမှာဖြစ်ကြောင်း။

မိမိတို့သည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်း၊ မိမိတို့၏ဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်မှာရှိသည့် မိတ်ဆွေများ၏ နားလည်စာနာမှုနှင့် ထောက်ခံမှုတို့ကို ဆက်လက်ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ပြင်ပက မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားမည်ဆိုလျှင် ဤလုပ်ငန်းစဉ်သည် မကြာသင့်ဘဲ ပိုမိုအချိန်ကြာမြင့်သွားနိုင်သည်ဟုလည်း ပြောနိုင်ကြောင်း။

နိုင်ငံတကာနယ်ပယ်ကိုကြည့်လျှင်လည်း မိမိတို့၏အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ပေါ်ရေးကို အကျိုးပြုစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာ ပတ်ဝန်း ကျင်ပေါ်ထွန်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အားလုံးအတူတကွ လက်တွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝရေးနှင့်ဒေသတွင်းရှိ နိုင်ငံများအားလုံး၊ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ချစ်ကြည်ရေးခရီးသွားခဲ့

ယခုနှစ်အတွင်းတွင် မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ နိုင်ငံများ၏ဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် ဆားစ်ရောဂါနှင့် ပတ်သက်သည့် အာဆီယံ ထိပ်သီးညီလာခံကိုလည်း တက်ရောက်ခဲ့ကြောင်း။

အလားတူစွာပင် မိမိတို့သည် ထိုင်းနိုင်ငံမှသီရိဒုံမင်းသမီး၊ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ တရုတ် ဒုတိယဝန်ကြီးချုပ် လီလန်ချင်းနှင့် အိန္ဒိယ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ် တို့ကို မြန်မာနိုင်ငံမှာ ဧည့်ခံကြိုဆိုခွင့်ရရှိခဲ့ကြောင်း။

မိမိအနေဖြင့်လည်း ဘာလီ၌ အောက်တိုဘာလက ကျင်းပခဲ့သည့် ကိုးကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ဒီဇင်ဘာလအတွင်းက ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-ဂျပန် ထိပ်သီးညီလာခံတို့ကို တက်ရောက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာလှုပ်ရှားမှုထဲတွင် သမိုင်းမှတ်တိုင်တင်ရမည့် ဖြစ်ရပ်တစ်ခုမှာ နိုဝင်ဘာလအတွင်းမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်းနိုင်ငံ လေးနိုင်ငံထိပ်သီးညီလာခံကို ပုဂံမြို့၌ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြှင့်တင်ရေး၊ နယ်စပ်ဒေသများ၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပေါ်ထွန်းရေး၊ အလုပ်အကိုင်များ ပိုမိုရရှိရေးနှင့်ဝင်ငွေကွာဟမှု လျော့ပါးရေးတို့ကိုရည်ရွယ်ထားသည့် လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကို ချမှတ်နိုင်ခဲ့ကြောင်း။

တက်ကြွစွာပါဝင်ခဲ့

၂၀၀၃ခုနှစ် အတွင်းတွင် မြန်မာနိုင်ငံသည် အာဆီယံ ဘင်းမ်စတက် အစရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၃ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့၏ ပူးပေါင်း ဆောင်ရွက်မှုသည်လည်း ရှင်သန်လျက်ရှိသည်ဟုဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး

စာမျက်နှာ ၆ ကော်လံ ၁

တိုက်ခိုက်ရေးသမားများ အမေရိကန်တို့ကို နည်းဗျူဟာပြောင်းတိုက်ခိုက်

အမေရိကန်တို့ရှိနေသမျှ တည်ငြိမ်မှုရှိမည်မဟုတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရေး နည်းဗျူဟာပြောင်းလဲကာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပိုမိုတိုးမြှင့်တိုက်ခိုက်လျက် ရှိနေသည်။

ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အီရတ်အရပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရခဲ့သည်။

တိုက်ခိုက်သူအများစုသည် နိုင်ငံရပ်ခြားမှလာရောက်တိုက်ခိုက်သူများဖြစ်နိုင်ကြောင်း၊ ၎င်းတိုက်ခိုက်မှုများအတွက် အမေရိကန်တို့ တာဝန်များစွာရှိကြောင်း ထိုတိုက်ခိုက်မှုမှာ အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် အီရတ်စကားပြန်တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှုမှာ လူစည်ကားရာ ဈေး၌ဖြစ်ပွားခဲ့ခြင်းကြောင့် အီရတ်ပြည်သူများက အမေရိကန်တို့ရှိနေသမျှ တည်ငြိမ်မှုပျက်ပြားပြီး လုံခြုံမှုရှိမည်မဟုတ်ကြောင်း၊ အမေရိကန်တို့ကို အလိုမရှိကြောင်း ကြွေးကြော်သံများ ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒီဇင်ဘာ ၃၁ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ နေရာအနီးတွင် လုံခြုံရေးဆောင်ရွက်နေသော စစ်ယာဉ်တစ်စီးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျတပ်ဖွဲ့ဝင်များ အရည်အသွေးမမီသည့် စစ်ဝတ်တန်ဆာများသုံးစွဲနေရ

ဆစ်ဒနီ ဇန်နဝါရီ ၁

ဩစတြေးလျတပ်ဖွဲ့များအတွက် လက်နက်၊ စစ်ဝတ်တန်ဆာပလာများကို ထောက်ပံ့ခဲ့သည်ဟု အေဘီစီ ဂြိုဟ်တု အွန်လိုင်း သတင်းတွင်ဖော်ပြပါရှိသည်။ အနာအဆာမကင်းသော စက်ပစ္စည်းများကို ထောက်ပံ့ရာ၌ ပြည်ပရောက် ဩစတြေးလျတပ်ဖွဲ့များ အပါအဝင် ပြည်တွင်းရှိတပ်ဖွဲ့များကိုပါ တပ်ဆင်ပေးထားသဖြင့် တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်မကင်းဖြစ်စေသည်ဟုဆိုသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိအန္တရာယ်များလှသည့်လမ်းမများပေါ်တွင် ကင်းလှည့်နေရသော ဩစတြေးလျစစ်သည်များထံသို့ ချွတ်ယွင်းချက်မကင်းသော သံခမောက်များကို ထုတ်ပေးထားကြောင်း ကာကွယ်ရေးဌာနသို့ပစ္စည်းပေးသွင်းနေသော ကန်ထရိုက်တစ်ဦးက အေဘီစီသတင်းဌာနသို့ပြောပြခဲ့သည်။ **(အင်တာနက်)**

ကုလအတွင်းရေးမှူးချုပ် နှစ်သစ်ကူးမိန့်ခွန်း ပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၁

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နှစ်သစ်ကူးမိန့်ခွန်း ပြောကြားရာတွင် အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ကမ္ဘာ့နိုင်ငံများက ပူးပေါင်း တိုက်ဖျက်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့အတူ ဆီရာယာလီယွန် နိုင်ငံ၌ လေယာဉ် ပျက်ကျမှုကြောင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် အီရတ်နိုင်ငံတွင် ပြီးခဲ့သောနှစ် ဩဂုတ် ၁၉ရက်က ကုလသမဂ္ဂရုံးအဆောက်အအုံ ဗုံးဖောက်ခွဲတိုက်ခိုက်မှု၌ သေဆုံးသွားသော လုပ်ဖော်ကိုင်ဖက် ဆာဂျီယိုဒီမဲလိုးနှင့် ကုလသမဂ္ဂဝန်ထမ်းများ အသက်ဆုံးရှုံးခဲ့ရမှုကို အထူးဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတချို့၏ အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်မှုများသည် တခြားသော တိုက်ခိုက်မှုများကို ကာကွယ်တားဆီးခြင်း မပြုနိုင်ဘဲရှိနေကြောင်း ကိုဖီအာနန်က ပြောကြားခဲ့သည်။

(စီအက်ဖ်အိုင်)

အီရတ်စစ်ပွဲဆင်နွှဲမှုကြောင့် ဘလဲကို လူထုထောက်ခံမှု အနိမ့်ဆုံးကျဆင်း တိုနီဘလဲ၏ လေဘာပါတီဝင်များကလည်း ဆန့်ကျင်ကန့်ကွက်နေ

လန်ဒန် ဇန်နဝါရီ ၁

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပေါ် လူထု၏ထောက်ခံမှုသည် ၎င်း၏ သက်တမ်းတစ်လျှောက်၌ အနိမ့်ကျဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ အမေရိကန်သမ္မတနှင့် ရင်းနှီးစွာဆက်ဆံမှုအပြင် အီရတ်စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်ချက်တို့ကြောင့် ၎င်း၏နိုင်ငံတွင်း၌ လူကြိုက်နည်းကာ ဥရောပတွင် အကြီးမားဆုံး လူထုဆန္ဒပြပွဲများကိုပင် ဖြစ်ပေါ်စေခဲ့သည်။

အတိုက်အခံ နိုင်ငံရေးပါတီများ၏ ထိုးနှက်ချက်ကလည်း ထိရောက်ခဲ့ရာ ၎င်းအပေါ် လူထုထောက်ခံမှု တစ်ရိုန်ထိုး လျော့ကျသွားခဲ့သည်။

ယုံကြည်မှုမရှိ

အီရတ်ရှိ အစွမ်းထက်လက်နက်များကြောင့် အီရတ်စစ်ပွဲ ဆင်နွှဲသည်ဟု တိုနီဘလဲက ကြွေးကြော်ခဲ့သော်လည်း ယခုထိ အဆိုပါလက်နက်များ မတွေ့ရှိရခြင်းနှင့် လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီ သေဆုံးမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရခြင်းတို့ကြောင့် ဗြိတိန်ဝန်ကြီးချုပ်အပေါ် ပြည်သူလူထု သုံးပုံနှစ်ပုံက ယုံကြည်မှုမရှိခဲ့ကြောင်း ဖော်ပြချက်များထွက်ပေါ်လာခဲ့သည်။

ရင်ဆိုင်ခဲ့ရ

ထို့အပြင် ၎င်း၏ အစိုးရအဖွဲ့အတွင်း ဒုတိယအရေးပါဆုံးပုဂ္ဂိုလ်နှင့်လည်း မသင့်မမြတ်ဖြစ်ခဲ့ကာ အခြားအရေးပါသော မူဝါဒများနှင့် ပတ်သက်ပြီးလည်း ၎င်း၏လေဘာပါတီဝင်များ၏ ဆန့်ကျင်မှုတို့နှင့်ပါ ရင်ဆိုင်ခဲ့ရသည်။

လာမည့်နှစ်၌လည်း ဒေးဗစ်ကယ်လီ သေဆုံးမှုနှင့် ပတ်သက်သည့် လော့ဒ်ဟက်တန် အစီရင်ခံစာ ထွက်ပေါ်လာမည်ဖြစ်သည့်အပြင် လေဘာပါတီဝင်များ၏ ကန့်ကွက်မှုတို့ကြောင့် အခြေအနေ ပိုမိုဆိုးရွားလာနိုင်စရာရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

အမေရိကန် တစ်နိုင်ငံလုံး၌ လုံခြုံရေး အထူးကြပ်မတ်

ဝါရှင်တန် ဇန်နဝါရီ ၁

အမေရိကန်နိုင်ငံ၌ အကြမ်းဖက် တိုက်ခိုက်မှုအန္တရာယ် သတိပေးမှုအဆင့်ကို "လိမ္မော်ရောင်"အဆင့်မှာ ထားရှိနေဆဲဖြစ်သည့်အတွက် နှစ်သစ်ကူးအခမ်းအနားကျင်းပရာတွင် လုံခြုံမှုအပြည့်အဝ တင်းကျပ်ထားကြောင်းသိရသည်။ အမေရိကန်တစ်နိုင်ငံလုံးတွင် ကုန်းလမ်း၊ ရေလမ်းနှင့်လေကြောင်းတို့၌ အစောင့်အကြပ်များထားရှိကာ တိုက်ခိုက်မှုကာကွယ်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိသည်။

အဓိကမြို့ကြီးဖြစ်သော နယူးယောက်မြို့၌ လေကြောင်းပျံသန်းမှု ပိတ်ပင်ထားပြီး ဝါရှင်တန်၊ ချီကာဂိုနှင့် လတ်စ်ဗေးဂတ်စ်မြို့တွင် လေကြောင်းမှ စောင့်ကြပ်ကြည့်ရှုမှုများ ရဲဖန်ရံခါဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် အမေရိကန် နိုင်ငံတွင်းသို့ ပျံသန်းလာမည့် လေယာဉ်များမှာ လက်နက်ကိုင်အစောင့်အရှောက်များ လိုက်ပါရန်လည်း အမေရိကန်ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံမှာလည်း လေကြောင်းလိုင်းများနှင့် ပတ်သက်ပြီး အထွေထွေခြိမ်းခြောက်မှုများရရှိထားကြောင်း သိရသည်။ **စီအင်န်အင်န်**

ဗုံးပေါက်ကွဲမှု

ဒီဇင်ဘာ ၁ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားရာ စားသောက်ဆိုင်တစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ထိတ်လန့်စွာ ကြည့်ရှုနေကြသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်ရှိစားသောက်ဆိုင်၌ ကားဗုံးပေါက်ကွဲ အီရတ်ငါးဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

နှစ်သစ်ကူး အကြိုပါတီပွဲ ကျင်းပနေသော ဘဂ္ဂဒက်မြို့လယ်ခေါင်ရှိ လူစည်ကားသောစားသောက်ဆိုင်တစ်ဆိုင်တွင် ကားဗုံးတစ်လုံး ပေါက်ကွဲသဖြင့် အီရတ်ငါးဦးသေဆုံးပြီး အခြား ၃၅ ဦးဒဏ်ရာရရှိခဲ့ရာ အမေရိကန်တစ်ဦးနှင့်ဗြိတိန်နှစ်ဦး ပါဝင်သည်။

အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးသမားများက စားသောက်ဆိုင်များထဲမှ ဆွဲထုတ်ကယ်ဆယ်ခဲ့ကြရသည်။ စားသောက်ဆိုင်အပြင်ဘက်ရှိ ကားအချို့ပျက်စီး မီးလောင်ခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများတွင် အီရတ် ၂၁ဦး၊ ဗြိတိန်နှစ်ဦးနှင့် အမေရိကန်တစ်ဦးပါဝင်ကြောင်း ဆရာဝန်မာဇင်ဂျာဖာကပြောဆိုပြီး အခြားဒဏ်ရာရသူ ၁၁ဦးကို ကင်ဒီဆေးရုံသို့ပို့လိုက်ကြောင်း ရဲတပ်ကြပ် ရီယာ့ဒ်အီဘရာဟင်က ပြောဆိုသည်။

ပေါက်ကွဲမှုမှာ ကားဗုံးဖြစ်ကြောင်း၊ စားသောက်ဆိုင်ထဲ၌ နိုင်ငံခြားသားသတင်းစာဆရာနှစ်ဦးရှိကြောင်း ရဲချုပ်ဟာမစ်အယ်လ်ယာဆီရီက အတည်ပြုပြောဆိုသည်။ သတင်းစာဆရာနှစ်ဦးမှာ မည်သူမည်ဝါဖြစ်သည်ကိုမူ ၎င်းက ပြောဆိုခြင်းမပြုဘဲ ထားသည်။

ထိုသို့ ပေါက်ကွဲမှုဖြစ်ပြီးနောက် အီရတ်တို့သည် နှစ်သစ်သို့ကူးပြောင်း ရောက်ရှိသည့်အထိမ်းအမှတ်အခမ်းအနားကို ဘဂ္ဂဒက်မြို့အနှံ့၌ကျင်းပခဲ့ကြရာ လေထဲသို့ သေနတ်များကိုထောင်ပြီး ပစ်ဖောက်ခဲ့ကြသည်။

(အင်တာနက်)

ဒီဇင်ဘာ ၃၁ ရက်က အီရတ်နိုင်ငံ၏ ကယ်ကွတ်မြို့၌ ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပစ်ခတ်ခံရ

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများနှင့် ဆန့်ကျင်ဆန္ဒပြမှုများ စဉ်ဆက်မပြတ်ဖြစ်ပွားနေဆဲ ဖြစ်သည်။

(ယာပုံမှာ ဒီဇင်ဘာ၃၁ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ချီတက် ဆန္ဒပြရာမှ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ ဒဏ်ရာရသူတစ်ဦးကို ထမ်းခေါ်လာစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ အီရတ်ကိုကျူးကျော်ခဲ့သည်မှာ ကိုးလကျော်ကြာပြီဖြစ်သော်လည်း တည်ငြိမ်မှုမရသည့်အပြင် ခုခံတိုက်ခိုက်မှုများနှင့် ပေါက်ကွဲမှုများသာ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေ

မြန်မာ့အလင်း

အီရတ်နိုင်ငံ၌ ပေါက်ကွဲမှုများနှင့် ခုခံတိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေဆဲဖြစ်သည်။

(ဝဲပုံမှာ ဘဂ္ဂဒက်မြို့ ကာရာဒါဒေသရှိ နာမည်ကြီးစားသောက်ဆိုင် တစ်ဆိုင်၌ အင်အားပြင်းထန်သောပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံအား ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရဘဲ ကျူးကျော်ခဲ့သည်မှာ ကိုးလကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အီရတ်နိုင်ငံမှာ တည်ငြိမ်မှုမရှိဘဲ ဖြစ်နေသည်။

(အောက်ပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁ ရက်က တီကရစ်မြို့၌ ကင်းလှည့်ရာမှအပြန် ပင်ပန်းနွမ်းနယ်စွာ အိပ်ပျော်နေကြစဉ်။) (ဓာတ်ပုံ-အင်တာနက်)

အပေါ်ပုံမှာ ဒီဇင်ဘာ ၃၁ ရက်က ဆိုးလ်မြို့ အမေရိကန်သံရုံးအနီး၌ စစ်ဆန့်ကျင်သူများက အီရတ်ကို ကျူးကျော်မှုအဆုံးသတ်ရန်နှင့် တောင်ကိုရီးယားတပ်များ အီရတ်သို့ စေလွှတ်ခြင်းမပြုရန် ဆန့်ကျင်ကန့်ကွက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဇုန်(၂)ပြိုင်ပွဲကျင်းပရေးကော်မတီပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ကျင်းပသည့် ၂၀၀၄ ခုနှစ် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဇုန်(၂)ရန်ကုန်မြို့၌ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး ကော်မတီပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားရာတွင် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဇုန်(၂)ကို လူငယ်တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် မျိုးဆက်သစ် လူငယ်တင်းနစ်အားကစားသမားကောင်းများပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် နိုင်ငံတကာ ပြိုင်ပွဲများကို အဆင့်အတန်းမီမီ ကျင်းပနိုင်ပြီး နိုင်ငံသားများ၏ ဧည့်ဝတ်ကျေပွန်မှုစသည်တို့ကို ပြိုင်ပွဲလာသူများ တွေ့မြင်သိရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူအားလုံးကပြိုင်ပွဲကြီးအောင်အောင်မြင်မြင် ကျင်းပပြီးစီးရေးအတွက် မိမိတို့တာဝန်ကျရာလုပ်ငန်းကဏ္ဍများကို ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၉ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဇုန် (၂)နှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းကဏ္ဍများအလိုက်လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်းက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေးဟောင်းလူတုပရိုင်းမိတ်ခြေဆစ်ရိုးများတွေ့ရှိမှုကြောင့် လူသားမျိုးနွယ်အစ မြန်မာကဟု ဖော်ညွှန်းပြသနေသော ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြကွက်။ [ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)]

▼ ရှေ့ဖုံးမှ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကိုလာရောက်ကြည့်ရှုသူပြည်သူများ စိတ်ဝင်စားမည့်ပြကွက်များအဖြစ် ပထမပိုင်းတွင် လွတ်လပ်ရေးကိုရရှိအောင် အသက်သွေးပေါင်းမြောက်မြားစွာရင်းနှီးရယူခဲ့ရပုံများကိုလည်းကောင်း၊ လူသားမျိုးနွယ်အစ မြန်မာကပြကွက်၊ ရှေးဟောင်းနှင့်ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် လွတ်လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းပြကွက်၊ ရှုခင်းသာယာပြည်မြန်မာပြကွက်၊ ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုပြကွက်၊ ဖွံ့ဖြိုးသာယာ ပြည်မြန်မာပြကွက်များပါဝင်သည်။

ဒုတိယပိုင်းတွင် မျက်မှောက်ခေတ်မြန်မာနိုင်ငံတော်ပြကွက်များကိုနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနပြခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ပြန်ကြားရေးဝန်ကြီးဌာနပြခန်းစသည့် ဝန်ကြီးဌာန ၁၂ခုမှ ပြခန်းများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးပြခန်း၊ ကွန်ပျူတာပြကွက်များဖြင့် စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းအတွင်းဝင်လိုက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခံ့ညားထည်ဝါသော ဓာတ်ပုံကြီးကို တွေ့မြင်ရသည်။

လူသားမျိုးနွယ်အစ မြန်မာကပြကွက်တွင် ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၁၈ရက်က မြန်မာနိုင်ငံ၌တွေ့ရှိခဲ့သော အဆင့်မြင့်လူတုပရိုင်းမိတ်ခြေဆစ်ရိုးဓာတ်ပုံများကို ပြသထားသည်။

ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော ဘုရင်နောင်မင်းတရားကြီးနှင့် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားတို့၏ ခံ့ညားလှသော ဓာတ်ပုံများသည် ဂုဏ်ယူဝင့်ကြွားစရာကောင်းလှသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းပြကွက်ကားလွတ်လပ်ရေးကိုမည်ကဲ့သို့ ခက်ခဲစွာ ရယူကြိုးပမ်းခဲ့ရပုံများကို တွေ့မြင်ရသည်။ နာမည်ကျော်ဝက်ထီးကန်တိုက်ပွဲ ဖြစ်ပွားပုံပန်းချီကားကြီးနှင့်ဧရာဝတီမြစ်အတွင်း ရေကြောင်းမှ ချီတက်လာသော အင်္ဂလိပ်စစ်သင်္ဘောများကို မြန်မာသူရဲကောင်းများက ပစ်ခတ်တိုက်ခိုက်နေပုံပန်းချီကားကြီးများက လာရောက်ကြည့်ရှုသူများအတွက် ဇာတိမာန်နှင့် လွတ်လပ်ရေးမဆုံးရှုံးအောင် အစွမ်းကုန် ကာကွယ်ခဲ့ပုံများကို သတိရစေပြီး လွတ်လပ်ရေး မဆုံးရှုံးရအောင် ကာကွယ်လိုစိတ်များဖြစ်ပွားစေမည် ဖြစ်သည်။

နောက်ပိုင်းဘီအိုင်အေတပ်များ ဝင်ရောက်လာပုံနှင့် လွတ်လပ်ရေး ရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ရက်နေ့ ဗြိတိသျှအလံအား မြေပေါ်သို့ လျှော့ချပြီး မြန်မာနိုင်ငံအလံကို လွှင့်ထူနေသည့် ဓာတ်ပုံပြကွက်များသည် ဂုဏ်ယူဝံ့ကြွားဖွယ်စိတ်ဓာတ်တက်ကြွဖွယ်ဖြစ်သည်။

ရှုခင်းသာယာပြည်မြန်မာပြကွက်တွင် မြန်မာနိုင်ငံအတွင်း သာမောဖွယ်ရာ အလှအပဓာတ်ပုံများ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အနုပညာပြကွက်တွင် မြန်မာ့အနုပညာ လက်ရာများထုလုပ်နေပုံပြကွက်များဖြင့်မြန်မာလူမျိုးတို့၏ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ယဉ်ကျေးမှုအနုလက်ရာများဆိုင်ရာဓာတ်ပုံများကို တွေ့မြင်ရသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံပြကွက်တွင် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေပုံများ၊ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစသည့်ကဏ္ဍအသီးသီးတွင်တိုးတက်နေမှု ကို ပြသနေသည့် ဓာတ်ပုံများ၊ လမ်းအသစ်ဖောက်လုပ်မှုနှင့်တံတားတည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများမှာ ယနေ့ မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများဖြစ်သည်။

နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှအထူးဦးစားပေးဆောင်ရွက်ခဲ့သဖြင့်တိုးတက်ခဲ့ပုံများ၊ နယ်စပ်ဒေသမူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့ပုံများကို ခင်းကျင်းပြသထားသည်မှာ နယ်စပ်ဒေသသို့ရောက်ရှိပြီးဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေရသကဲ့သို့ ရှိလှသည်။

ထိုသို့ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့ရပုံများ၊ လွတ်လပ်ရေးကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပုံများ၊ ယနေ့ လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများကို ကိုယ်တိုင် သွားရောက်ကြည့်ရှုခံစားနိုင်ကြရန် သတင်းစကားပါးလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

စာမျက်နှာ ၃ မှ

ဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ် ပါမောက္ခ ပေါ်လိုဆာဂျီယိုပင်ဟေးရိုးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး ရာဇာလီအစ္စမိုင်းလ်တို့လာရောက်မှုများကို လက်ခံခဲ့ကြောင်း။

မိမိတို့အနေဖြင့် လာမည့်နှစ်ကို ယုံကြည်မှုအပြည့်အဝဖြင့် ကြိုဆိုလျက်ရှိကြောင်း၊ ၂၀၀၄ခုနှစ်တွင် အမျိုးသားညီလာခံလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သိသာထင်ရှားသော ဖြစ်ပေါ်မှုများ ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဤလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မိမိတို့၏ လိုလားတောင့်တချက်မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုထင်ဟပ်ပြီး ပြည်သူများ၏ဆန္ဒနှင့်လည်း ကိုက်ညီသည့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးပဲဖြစ်ကြောင်း။

၂၀၀၄ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် ပိုမိုလျင်မြန်စွာတိုးတက်လာပြီး လူမှုရေးအခြေအနေများလည်း ပိုမိုကောင်းမွန်ကာ ပြည်ပရှိ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ပိုမိုကျယ်ပြန့်လာလိမ့်မည်ဟု မိမိတို့ မျှော်လင့်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမှာလည်း ပိုမိုတိုးတက်ခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

အဆွေတော်များအနေဖြင့်နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ ထို့ကဲ့သို့ပင် ကုလသမဂ္ဂအေဂျင်စီများမှ အကြီးအကဲများ အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆက်ဆံရေးတိုးတက်လာအောင် လုပ်ဆောင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

ပူးပေါင်းမည်ယုံကြည်

သံရုံးအကြီးအကဲများဖြစ်ကြသည့် အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် မိမိတို့နိုင်ငံများကို ကိုယ်စားပြုရုံသာမက တစ်နည်းအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာကိုဆက်သွယ်ပေးသည့် ပေါင်းကူးတံတားများဖြစ်သည်ဟု ခံယူကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်များ၊စိန်ခေါ်မှုများ၊ကြိုးပမ်းမှုများနှင့် အနာဂတ်မျှော်လင့်ချက်များနှင့်ပတ်သက် ပြီး ကမ္ဘာက ပိုမိုနားလည်သဘောပေါက်စေရေးမှာ အဆွေတော်တို့သည် များစွာအရေးပါကြောင်း၊ ဤကဏ္ဍနှင့်ပတ်သက်ပြီး အဆွေတော်တို့၏ပူးပေါင်းဆောင်ရွက်မှုကို မိမိတို့အနေဖြင့် ကြိုဆိုအသိအမှတ်ပြုသကဲ့သို့ ယခုနှစ်သစ်မှာလည်း ထိုသို့ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ အေဂျင်စီ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ မိသားစုများအားလုံး၊ ၎င်းတို့ကိုယ်စားပြုသည့် နိုင်ငံများနှင့်အဖွဲ့အစည်းများ အားလုံး နှစ်သစ်တွင် အောင်မြင်မှုအဝဝရရှိပါစေဟု ဆုမွန်တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယကစင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr. Simon Tensing de Cruz က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းခဲ့သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂ရက်က အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (TIF)က ကြီးမှူးကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) လူငယ်တင်းနစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာလူငယ် လက်ရွေးစင်တင်းနစ်မယ် မိုးချစ်သဲ သိမ်ဖြူ တင်းနစ်ကွင်းတွင် လေ့ကျင့်စဉ်။ (မြန်မာ့အလင်း)

မြောင်းမြအထက(၅) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

မြောင်းမြအထက(၅)၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့)တွင် မြောင်းမြမြို့ အထက(၅) ကျောင်းခန်းမကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

ပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ (ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ) ကြွရောက်ကြပါရန်နှင့် ဇန်နဝါရီ ၁၀ ရက် နံနက် ၇နာရီတွင် လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် (၈)လမ်းထိပ် (ရဲလင်းအောင်ဆေးခန်း)မှ မော်တော်ကားဖြင့် မြောင်းမြမြို့သို့ ထွက်ခွာပြီး ၁၁ရက် နံနက်၉နာရီ ပူဇော်ကန်တော့အပြီး ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

လိုက်ပါပူဇော်ကန်တော့ခံမည့်သူများသည် ဦးနု ဖုန်း-၂၁၀၅၈၃၊ ၃၇၀၈၉၀၊ ဦးလှဖေ ဖုန်း-၂၁၂၄၇၀၊ ၇၀၅၈၅၈၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ ဦးမောင်မောင်စိန်(မြို့နယ်ပညာရေးမှူး) ဖုန်း-၀၄၂-၇၀၁၇၁၊ ဦးဝင်းဆွေ (ရဲရင့်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး) ဖုန်း-၀၄၂-၇၀၄၉၇၊ ဦးမောင်မောင်ကျော်(ကျောင်းအုပ်ကြီး၊အထက-၅) ဒေါ်ခင်သက်နွယ် (ကျောင်းအုပ် အထက-၃)တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကွန်ပျူတာစင်တာဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂

Asia Tech Computer Centre ကို အမှတ် ၆၄ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၈၆၄နှင့် အမှတ် ၃၆ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၂၇၀၈၊ ၂၉၃၂၂၀တို့တွင် ဖွင့်လှစ်ထားပြီး ကွန်ပျူတာ၊ ပရင်တာ၊ စကင်နာ၊ UPSများနှင့် ကွန်ပျူတာအပိုပစ္စည်းမျိုးစုံ၊ Mother Board, Hard Disk, Processor(CPU) CD Writer, DVD Drive, Memory,(3D), Graphic Card တို့ကို ရောင်းချပေးလျက်ရှိသည်။

ကွန်ပျူတာတစ်လုံး ဝယ်ယူသူတိုင်း ကွန်ပျူတာအသုံးချမှုဆိုင်ရာသင်တန်းအခမဲ့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး Asia Tech Computer Training Centre ကွန်ပျူတာနည်းပညာ အသုံးချမှုသင်တန်းများကိုလည်း လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်ထားရှိကြောင်းသိရသည်။ **(က-ပ)**

အမှတ် ၁၇၁/၁၊ ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၇၉၈ က ထုတ်ဝေဖြန့်ချိသော ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် ရွှေမျက်လုံး ဖက်ရှင်ဂျာနယ်မျက်နှာဖုံး။

(က-ပ)

တတ်သိကျွမ်းကျင်မှုနှင့် ဗဟုသုတများလက်တွေ့အသုံးချဆောင်ရွက် ပိုမိုတတ်ကျွမ်းအောင်လုပ်ဆောင်မှ သညာမှပညာအဆင့်ရောက်မည်

ရန်ကုန် ဇန်နဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဖွင့်လှစ်ခဲ့သည့် အခြေခံပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ် (၂/၂၀၀၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်တိုင်းအင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရည်အသွေးပိုမိုမြင့်မားစေမည်

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာရာတွင် ဆုံးရှုံးမှုလေလွင့်မှုမရှိရေး၊ ခြိုးခြံချွေတာရေး၊ ကောင်းသောယှဉ်ပြိုင်မှုနှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရေးဆိုသည့် အမြင်လေးရပ်ဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ယနေ့အချိန်အခါတွင် ခေတ်သစ်စက်မှုသိပ္ပံပညာ၏ အပြုသဘောဆောင်သည့်ရလဒ်များကြောင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ တစ်နေ့တခြား မြင့်မားလာသည်နှင့်အမျှ ပုံနှိပ်လောကအနေဖြင့်လည်း အရှိန်အဟုန်ဖြင့် လိုက်ပါနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့်လည်း ပုံနှိပ်တော် စည်ပင်သာယာရေးကော်မတီမှ ဦးစံလင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဂျီတီစီပုံနှိပ်စက်ရုံ၏ ထုတ်လုပ်မှုဌာနရှိ ပုံနှိပ်စက်များနှင့် တစ်ဖက်ဖြတ်ခါးစက်တို့ကိုကြည့်ရှုစစ်ဆေးပြီး

စကားပြောကြားရာ၌ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သင်တန်းများဖွင့်ရာတွင် ရည်ရွယ်ချက် သုံးရပ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ လုပ်ငန်းဆိုင်ရာအတတ်ပညာနှင့် ကျွမ်းကျင်မှု ပိုမိုမြင့်မားစေရန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန်၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသာမက စိတ်ပိုင်းဆိုင်ရာ အရည်အသွေးပိုမိုမြင့်မားစေရန်နှင့် ဌာနဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်တို့ပင်ဖြစ်ကြောင်း၊ သင်တန်းသား ဝန်ထမ်းများအနေဖြင့် တတ်သိကျွမ်းကျင်မှုနှင့် ဗဟုသုတများကို လက်တွေ့တွင် အထိရောက်ဆုံးအသုံးချဆောင်ရွက်ပြီး ပိုမိုကျွမ်းကျင်အောင်၊ အသိပညာ ဗဟုသုတ ပိုမိုကျယ်ပြန့်အောင်၊ ပိုမိုတတ်ကျွမ်းအောင် ကြိုးစားလုပ်ဆောင်ကြရန်လိုကြောင်း၊ သို့မှသာသညာမှ ပညာအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက် လုပ်ငန်းအတွေ့အကြုံ အနှစ်နှစ်ရာကျော်သက်တမ်းရှိပြီ ဖြစ်ကြောင်း၊ ယင်းသို့အတွေ့အကြုံကြွယ်ဝလာသည့် အလျောက် တိုင်းရင်းသားပြည်သူများ၏ အသိပညာဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့တတ်ကျွမ်းသည့် ပညာများဖြင့် ပိုမိုဆောင်ကြဉ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် ထူးချွန်ဆုပထမရရှိသည့် အောင်ဆန်းပုံနှိပ်စက်ရုံမှ ဒေါ်သီတာအေး၊ ဒုတိယဆုရရှိသည့် ဂျီတီစီပုံနှိပ်စက်ရုံမှ ဒေါ်မြတ်စောငြိမ်းနှင့် တတိယဆုရရှိသည့် ရန်ကုန်မြို့ စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကြံ့ခိုင်ရေးများပြုလုပ်ရေး၊ စက္ကူကုန်ကြမ်းနှင့်ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ကြပ်မတ်သုံးစွဲရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကိစ္စများကို မှာကြားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံ အခြေခံပုံနှိပ်အတတ်ပညာ သင်တန်းအမှတ်စဉ်(၂/၂၀၀၃) ဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄
အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃–၁–၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ဒါရုကန္ခောပမသုတ်”**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (ပထဝီဝင်) (ခ)ပထမနှစ်(မြန်မာမှုပညာ)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဖန်ခြေနင်းနှင့် ယမင်းရွှေစင်”** (အပိုင်း–၃၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လှိုင်ပုနှင့်သောင်းချမ်”** (အပိုင်း–၁၇)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အင်္ဂလိပ်စာ အထူးထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

ဂုဏ်ထူးဦးအောင်ခိုင် အင်္ဂလိပ်စာဆရာဘဝ နှစ်(၃၀)ပြည့် (ပုလဲရတု) အထိမ်းအမှတ်အဖြစ် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ မေးခွန်းလွှာအတွက် စာအုပ်ထဲမှာပင် ရေးသား၊ ဖြေဆို၊ လေ့ကျင့်ရန် စနစ်တကျပြုစုထားသည့် Matriculation English Exam Workbook ကို ဂုဏ်ထူးအင်္ဂလိပ်စာ အမှတ် ၂၇၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း– ၂၅၂၉၁၉ က ထုတ်ဝေဖြန့်ချိထားသည်။ **(ဝဲပုံ)** **(က–ပ)**



တို့အလံ တို့မာန်ဆင့်ပါလို့

★ အရေးကြုံ သွေးဆုံဆည်းပါလို့
အရေးကြီး သွေးနီးပါ
မြန်မာ့ အစဉ်အလာ။
အရေးရှိ သွေးညိုကာ
ညီညာတဲ့ စိတ်ဓာတ်။
တရားမပျက် သလိုပ
ဓားထက်တာ တို့လူမျိုး
မညှိုးဂုဏ်ဒြပ်။

★ သူ့လက်လာ ကိုယ့်လက်တွေ့
သိမ်မွေ့လို့ ဖော်ရွေစွာ
ဆက်ဆံတတ်ပါ။
သူတစ်ပါးအပေါ်မှာ
အပြစ်မရှာ အဆိုးမပြော။
တို့ကို ငြိုးပါလို့
အဆိုးမြင် မဟုတ်မဟပ်တွေနဲ့
ပုတ်ခတ်ကာ တမင်ညွှန်းလျှင်ဖြင့်
တစ်ခွန်းမခံ ပြန်ချေပမယ်
မြန်မာ့သဘော။

★ သူ့ရေမြေ အာသာငမ်းပါလို့
ခြေတစ်လှမ်း မကျူးဝင်။
တို့မြေမှာ သူခြေရှုပ်လျှင်လဲ
တိုက်ထုတ်မည်ပင်။
သမိုင်းက သက်သေတင်
ပြည်တစ်ခွင် စုစည်း။
လွတ်လပ်ရေးအတွက်ကယ်ဖြင့်
အထွက်မြတ် သွေး အသက်တွေနဲ့
ပေးဆက်ကာ **“မြန်မာပြည်သား”** ရယ်လို့
တို့အားမာန် ကမ္ဘာအနှံ့
ပြန့်ခဲ့သတည်း။

★ မြန်မာ့ဂုဏ်ရောင်
ထွန်းပြောင်ဘိသေး။
သမိုင်းဝင် မော်ကွန်းထိုးတဲ့
မျိုးချစ်မာန်သွေး။

★ ဘိုးဘေးတို့ အစဉ်အလာ
ခိုင်မာတဲ့ သတ္တိဇွဲ။
တို့အလံ တို့မာန်ဆင့်လို့
ရဲရင့်လျက်ပဲ။ ။

မြင်းမူမောင်နိုင်မိုး

နိုင်ငံတော်၏ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းမှသည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များဆီသို့



သမိုင်း တစ်ခေတ် နိုင်ငံသစ် ဆီသို့

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများသည် ယနေ့ကာလ၌ မည်သည့်ခေတ်အခါကမျှ မရရှိခဲ့ဖူးသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်သည်။ ၎င်းမှာ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၏ အကျိုးရလဒ်များဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီးပွားရေးဘဝကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနှင့်အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက် ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားစီးပွားရေးမူဝါဒများချမှတ်ပြီး ဘက်စုံကဏ္ဍစုံ တိုးတက်ဖြစ်ထွန်းရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။

အဓိကသီးနှံ စပါးကိုအခြေခံပြီး စိုက်ဧကတိုးချဲ့ခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်းနှင့် စိုက်ပျိုးရေရရှိရေးတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကစပြီး မူလရည်မှန်းချက်ဖြစ်သည့် တစ်နှစ် စပါးတင်းသန်း ၁၀၀၀ ကိုထုတ်လုပ် ရရှိလာခဲ့ပြီဖြစ်သည်။

၁၉၈၈ခုနှစ်မှ ယခုအချိန်ထိ ဆည်မြောင်းတာတမံပေါင်း ၁၅၅ခုနှင့် ရေမရနိုင်သည့် ဒေသများတွင် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ခုကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြေဧက နှစ်သန်းကျော် စိုက်ပျိုးဖြစ်ထွန်းလာခဲ့ပေသည်။ ဆည်မြောင်း တာတမံစီမံကိန်း ၄၀ ကို တည်ဆောက်လျက်ရှိပြီး စီမံကိန်း ၈၄ခုကိုလည်း ဆက်လက် လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရပေသည်။

မြန်မာနိုင်ငံ နယ်မြေဧရိယာ၏ ၅၂ ဒသမ ၂၈ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းလျက်ရှိသည်။ ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောဧက ၃၅သန်းကျော်နှင့် သဘာဝနယ်မြေ ဖွဲ့စည်းမှုဧကသုံးသန်းကျော်အထိ ရှိလာပြီဖြစ်သည်။

အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ပြီး ယခုအချိန်တွင် ၁၃ခရိုင်၌ စိမ်းလန်းစိုပြည်ရေးကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းနှင့်ပြည်နယ်အနှံ့ ပုဂ္ဂလိကကဏ္ဍ၏စက်မှုဇုန်ကြီး ၁၈ဇုန်ကို တည်ထောင် ပေးနိုင်ခဲ့သည်။ စက်ရုံသစ် အရွယ်အစားမျိုးစုံ ၂၅၇ မျိုးကို တည်ထောင်ပေးခဲ့ပြီး ပုဂ္ဂလိကစက်ရုံပေါင်း နှစ်သောင်းလေးထောင်ကျော် ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်တွင် စက်ရုံပေါင်း နှစ်သောင်းခုနစ်ထောင်ကျော် ရှိခဲ့ရာက ယခုအခါတွင် စက်ရုံပေါင်း ငါးသောင်းကျော် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ စသည့်အခြေခံအဆောက်အအုံများကို ဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ပေသည်။ နိုင်ငံတော်၏ နယ်မြေဒေသ အစိတ်အပိုင်းအားလုံးသည် ယခုအခါ တစ်ဆက် တစ်စပ်တည်း ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၈၈ခုနှစ်တွင် လမ်းပေါင်း၄၆၁လမ်း၊ လမ်းမိုင်အရှည် မိုင် ၁၃၆၀၀ ရှိခဲ့ရာမှ ယခုအခါ လမ်းသစ်၅၅လမ်း၊ လမ်း မိုင်ပေါင်း ၂၀၀၀ခန့် အသစ်တိုးချဲ့ ဖြစ်ထွန်းလာပြီ ဖြစ်သည်။ တံတားများကိုကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီမြစ်ကူးတံတား တစ်စင်း၊ စစ်တောင်းမြစ်ကူးတံတားတစ်စင်းသာရှိခဲ့ရာမှ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်း မြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတား သုံးစင်းအပါအဝင် ပေ၁၈၀ အထက် မြစ်ကူးတံတားပေါင်း ၁၇၄ စင်း အသစ်ပေါ်ထွန်းလာခဲ့ပြီးဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ရထားလမ်းသစ် များကိုတိုးချဲ့ဖောက်လုပ်ခဲ့ရာ ရွှေညောင်-ရပ်စောက် ရထားလမ်း၊ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ရထားလမ်း၊ ရွှေညောင်-နမ့်စန် ရထားလမ်း၊ နမ့်စန်-မိုးနဲ ရထား လမ်းစသည့် ရှမ်းပြည်နယ်ရှိ ရထားလမ်းသစ်များ၊ အဆင့်မြင့် ဥမင်လိုဏ်ခေါင်းကို ဖြတ်ဖောက်သည့် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းနှင့် ရိုးမပတ်ရထားလမ်းစသည့် ရထားလမ်းသစ်များကို အချက်အချာကျသည့် ဒေသများနှင့်ဆက်စပ်ဖောက်လုပ်ပေးခဲ့သည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင် ကျော်သာရှိရာမှ ယခုအခါ ရထားလမ်းမိုင်ပေါင်း ၁၀၁၂ တိုးတက်လာသည့်အတွက် နိုင်ငံတော်အတွင်း ရထားလမ်းခရီးမိုင် ၃၀၀၀ နီးပါးခန့် ရှိလာပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများသည်လည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် လေယာဉ်ကွင်း ၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၂၇ ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ယခင်က ဂျက်လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၁၈ ကွင်းရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် သတင်းနှင့် ဆက်သွယ်ရေး ဆိုင်ရာနည်းသစ်များကို အသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးစနစ်ကွန်ရက်တွင် လိုက်လျောညီထွေ ချိတ်ဆက်ထားနိုင်ပြီဖြစ်ပေသည်။ ထို့အပြင် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Data Communication, e-Mail, Internet, Intranetတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စက်ရုံများ ရေနွေးငွေ့သုံးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံများ၊ ဒီဇယ်ဆီသုံးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က လျှပ်စစ်ဓာတ်အား ယူနစ် သန်းပေါင်းနှစ်ထောင်ကျော်ရှိခဲ့ရာမှ ယခုအခါ ယူနစ်သန်း ပေါင်းငါးထောင်ကျော် အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ၂ ဒသမ ၂၇ ဆ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခုနှင့် သဘာဝ ဓာတ်အားပေးစက်ရုံ စီမံကိန်း ခြောက်ခုကို တိုးချဲ့တည်ဆောက်ပေးပြီးဖြစ်သည်။ ၂၈၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် ပေါင်းလောင်းရေအား လျှပ်စစ် စီမံကိန်းနှင့် ၇၈၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် ရဲရွာ ရေအား လျှပ်စစ်စီမံကိန်း အပါအဝင် ဓာတ်အားပေး စက်ရုံစီမံကိန်း ၁၁ခုကို တည်ဆောက်နေပြီဖြစ်၍ အဆိုပါစီမံကိန်း ၁၁ခု အကောင်အထည်ဖော်ပြီးသည့်အခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၉၆၀ ကျော် ထပ်မံထွက်လာ မှာဖြစ်ကြောင်း သိရပေသည်။

ပညာရေးကဏ္ဍ၌ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်း ၄၀၀၄၉ ကျောင်းအထိ တိုးတက်လာခဲ့သည်။ မူလတန်းလွန်ကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်မှာ ယခုဆိုလျှင် ကျောင်းပေါင်း ၃၈၀၀ ရှိနေပြီဖြစ်သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် လဲချား-မိုင်းနောင်-မိုင်းရှူးလမ်းပေါ်တွင် တည်ရှိပြီး အရှည်ပေ ၂၄၀ရှိသည့် မတ်လန်းတံတားကို တွေ့ရစဉ်။

တက္ကသိုလ်တင်ခြ

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုတွင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ခုအထိ ဖွင့်လှစ်နိုင်ပြီဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသားပေါင်း တစ်သိန်းသုံးသောင်းကျော် ရှိခဲ့ရာမှ ယခုဆိုလျှင် ရှစ်သိန်းကိုးသောင်းကျော် ရှိနေပြီဖြစ်သည်။ ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဒီပလိုမာဘွဲ့အပါအဝင် ဘွဲ့အမျိုးအစားပေါင်း ၁၅၀ အထိ တိုးချဲ့သင်ကြားပေးနေပြီဖြစ်သည်။

ဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့်ပါရဂူဘွဲ့ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့များကိုလည်း တိုးချဲ့ သင်ကြားပေးလျက်ရှိသည်။

နည်းပညာကဏ္ဍတွင် နည်းပညာတက္ကသိုလ် လေးခု၊ ကွန်ပျူတာတက္ကသိုလ် နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ ရေကြောင်းပညာတက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှု သိပ္ပံကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရန်အလေးထား ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများတိုးတက်လာမှုကို ကြည့်မည်ဆိုပါက ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၁၇ရုံ သာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံ ရှိလာပြီဖြစ်သည်။ ဒေသန္တရဆေးပေးခန်း ၈၄ ခု နှင့် ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ ခုကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ထားပြီဖြစ်သည်။ ဆေးရုံအသစ် ၁၄၀ တိုးပွားလာခဲ့ပြီး ဆေးရုံ ၁၁၄ရုံကို ခုတင် (၂၅)ခုတင်ဆံ့မှ ခုတင် (၃၀၀) ဆံ့အထိ အဆင့်ဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ဆေးပညာတက္ကသိုလ် လေးခုသာရှိခဲ့ရာမှ ကျန်းမာရေး ဝန်ကြီးဌာနအောက်တွင် ဆေးပညာတက္ကသိုလ် ၁၄ ခုအထိ ဖွင့်လှစ်ပေးပြီး ဖြစ်သည်။

နိုင်ငံတော်သည် ကဏ္ဍစုံမှ ညီညီမျှမျှ ဖွံ့ဖြိုးလာအောင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အားလျော်စွာ





သည်
သို့

င်၁

ပြည်နယ်နှင့်တိုင်း
ခုတွင် တက္ကသိုလ်၊
ည်။ ၁၉၈၈ ခုနှစ်က
ရှိခဲ့ရာမှ ယခုအခါ
ဉ်။ ၁၉၈၈ ခုနှစ်က
ားပေါင်း တစ်သိန်း
ရှစ်သိန်းကိုးသောင်း
န်ကြီးဌာနအောက်ရှိ
ပဟာသုတေသနဘွဲ့၊
ဓဝင် ဘွဲ့အမျိုးအစား
ပေးနေပြီဖြစ်သည်။
ပဟာဘွဲ့နှင့်ပါရဂူဘွဲ့
န်ပျူတာတက္ကသိုလ်
မျိုးကိုလည်း တိုးချဲ့

တက္ကသိုလ် လေးခု၊
ိုင်ငံလေကြောင်းနှင့်
ရေကြောင်းပညာ
ကောလိပ် ၂၆ ခု၊
ခုနှင့် အစိုးရစက်မှု
ာက်ဖြစ်ထွန်းလာပြီ

များ ကျန်းမာကြံ့ခိုင်
ကျန်းမာရေးဆိုင်ရာ
လာမှုကို ကြည့်မည်
ပေါင်း ၆၁၇ရုံ သာ
ါင်း ၇၅၇ ရုံ ရှိလာ
၄ ခု နှင့် ကျေးလက်
ိုင်ငံလုံး ဖြန့်ကြက်
သစ် ၁၄၀ တိုးပွား
၅)ခုတင်ဆံ့မှ ခုတင်
နိုင်ခဲ့သည်။ ၁၉၈၈
လေးခုသာရှိခဲ့ရာမှ
ဆေးပညာတက္ကသိုလ်
ဉ်။
ဦးညီမျှမျှ ဖွံ့ဖြိုးလာ
ခု သတ်မှတ်ဆောင်
၇၀ ရာခိုင်နှုန်းကျော်
ာ်သည့်အားလျော်စွာ

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သော ဆေးတက္ကသိုလ် (မကွေး) သင်ကြားရေးသုံးထပ်ဆောင်သစ်ကြီးကို တွေ့ရစဉ်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့်သဘာဝဓာတ်ငွေ့မြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို တူးဖော် ထုတ်လုပ်လျက်ရှိသည့် ရေနံတွင်းအမှတ်(၁)ကို တွေ့ရစဉ်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး၊ ပညာရည်မြင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ရေး၊ ကျေးလက်ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူလူထု နှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးစသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင် အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်း၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တောတွင်းလက်နက်ကိုင် (၁၇)ဖွဲ့သည် နိုင်ငံတော်၏စေတနာကို နားလည်ကာ ဥပဒေဘောင် အတွင်းဝင်ရောက်လာခဲ့ကြသည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲ၍ အားတက်သရော လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ မည်သည့်အခါကမျှ မရရှိခဲ့ဖူးသော အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၏ အကျိုးရလဒ်အဖြစ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူတို့သည် လူမှုစီးပွားရေးဘဝ ကဏ္ဍအသီးသီးတွင် အသီးအပွင့်များစွာကို ယခုအခါ ရရှိခံစားနေရပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

အပူပိုင်းဒေသရှိ ကျေးလက် ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက မြေအောက်ရေရရှိရေးကို တွင်းတူးစက်များဖြင့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကံသာကျေးရွာတွင် ဤသို့ဆောင်ရွက်ခဲ့သည်။

အခြေခံပညာကဏ္ဍတိုးတက်မြင့်မားရေးအတွက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အင်းတိုင်တွင် နိုင်ငံတော်က အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော အင်းတိုင် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေသည့် ကျိုင်းတောင်းရေတံခွန်။

ဘော်ဘင်ရေလှောင်တမံ

ဘော်ဘင်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်သည်။ ပင်မတမံသည် ကြို့ပင်ကောက်မြို့နယ် သရက်ချောင်းပေါ်တွင် တည်ရှိပြီး ရေကူတမံသည် ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်းပေါ်တွင် တည်ရှိသည်။ လယ်မြေဧက ၃၀၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ပြည်တွင်းပြည်ပ ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဘက်စုံသုံး ပင်လယ်ကူးသင်္ဘောကြီး ကျိုင်းတုံ။

နိုင်ငံခြားဆေးဝါးအတုများဖော်ထုတ်သိမ်းဆည်းရမိမှုအခြေအနေများရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂

ဆေးဝါးပြဿနာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်း၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ဆေးဝါးအကြံပေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ဆေးဆိုင်ပိုင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းက ဆေးဝါးပြဿနာရပ်များနှင့် ပတ်သက်၍ နိုင်ငံခြားဆေးဝါးအတုများဖော်ထုတ်သိမ်းဆည်းရမိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဖော်ထုတ်ဖမ်းဆီးရမိသော နိုင်ငံခြားဆေးဝါးအတုများနှင့် တရားမဝင်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

သာသာယာယာ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာသာယာယာရှိမည်။

ရှင်းလင်းပြောကြား

ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးချုပ် သန်းထွန်းက ဆေးဝါး ပြဿနာရပ်များနှင့် ပတ်သက်၍ နိုင်ငံခြားဆေးဝါးအတုများ ဖော်ထုတ်သိမ်းဆည်းရမိမှုများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ ဖော်ထုတ်ဖမ်းဆီးရမိသော နိုင်ငံခြားဆေးဝါးအတုများနှင့် တရားမဝင်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းဓာတ်ပုံများ

ဆေးဝါးပြဿနာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်းအခမ်းအနားတွင် ဖော်ထုတ်ဖမ်းဆီးရမိသော နိုင်ငံခြားဆေးဝါးအတုများနှင့် တရားမဝင် ဆေးဝါးများ ဖော်ထုတ် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)







● *ပြည်သူလူထုကျန်းမာရေးမှ*

တံဆိပ်အတုမျိုးစုံဖမ်းမိ

ယင်းသို့ ရှာဖွေဖော်ထုတ်တားဆီးရာတွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကနိုင်ငံခြားဆေးဝါးအရောင်းဆိုင်အချို့၌ ဆေးဝါးအတုများ ရောင်းချနေကြောင်း သတင်းအရ အမျိုးသားထောက်လှမ်းရေးအဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် မင်္ဂလာဒုံဈေးဆိုင်ခန်းအမှတ်(၂)ဆုဆေးဆိုင်မှ Amclox ဆေးအတုလုံးရေ ၄၀ နှင့် ဗိုလ်ချုပ်ဈေးသစ်ရုံ အမှတ် (၃) ဆိုင်အမှတ် ၂၄၆/၂၄၇ တို့မှ Ampicillin ဆေးအတုလုံးရေ ၃၂၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းကွင်းဆက်အရ အဆင့်မြင့် မင်္ဂလာဈေး လေးထပ်ဆိုင်အမှတ် ၅၆၆ မှ Ampicillin ဆေးအတု လုံးရေ ၂၀၊ ဆိုင်အမှတ် ၇၇၅ မှ Amoxycillin ဆေးအတုလုံးရေ ၁၃၉၄၀၊ ဆိုင်အမှတ် ၅၂၀မှ C-Clox ဆေးအတုလုံးရေ ၇၄၀၀ အား လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄)ရပ်ကွက် ပုဂံလမ်း အောင်မျိုးဆေးဆိုင်မှ Ampicillin ဆေးအတုလုံးရေ ၃၅၇၀၊ S-Mox Amoxycillin ဆေးအတု လုံးရေ ၈၇၄၀ အားလည်းကောင်း ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး ဒီဇင် ဘာ ၂၀ ရက်တွင် ဆေးဝါးအတုများ ပြည်ပမှ တရားမဝင်တင်သွင်း၍ ဖြန့်ဖြူးရောင်းချသူ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃လမ်း မြေညီထပ် အမှတ် ၄၆/ခ နေ တင်လှိုင်(ခ)နက်လ (ဘ) ဦးစီရိုးကူးမားရ်အား Ampicillin ဆေးအတုလုံးရေ၂၂၇၄၂၀၀၊ S-Mox (Ampicillin) ဆေးအတုလုံးရေ ၁၁၉၈၀၀၊ Cloxacillin-250 ဆေးအတုလုံးရေ ၁၂၅၄၆၀၀၊ Degecid ဆေးအတုလုံးရေ ၆၄၅၀၀၊ Zinetac ဆေးအတု လုံးရေ ၂၇၀၀၀၊ Ciprolox- 250 ဆေးအတုလုံးရေ ၈၄၀၀၀၀၊ဆေးထုတ်လုပ်/ သက်တမ်းကုန်ဆုံးသည့် ရက်စွဲနှင့် ဆေးမှတ်ပုံတင် အမှတ်စဉ်များရိုက်နှိပ်ရန် တုပပြုလုပ်ထားသည့် ရော်ဘာတံဆိပ် အတုမျိုးစုံ ၁၀၁ တုံး၊ ဆေးကတ်/ဆေးဘူးများ တံဆိပ်ရိုက်နှိပ်ရာတွင် အသုံးပြုသော ပုံစံကွက်(ဘလောက်တုံး) နှစ်ခု၊ Inkpad နှစ်ခုတို့နှင့် အတူဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်း

ဆေးဝါးအတုများ ဖြန့်ဖြူးရောင်းချသူ တင်လှိုင်(ခ)နက်လသည် ၁၉၉၃ခုနှစ် ဧပြီလခန့်မှ စတင်၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နေ စူရေးနှင့်မိုးရေးမြို့နေ ဘီကီတို့၏ စီစဉ်ပေးမှုအရ အိန္ဒိယနိုင်ငံထုတ် တရားဝင်မှတ်ပုံတင် ထားခြင်းမရှိသော Amoxycillin, Ampicillin, C-Clox Ciprolox, Degecid ဆေးဝါးများကို အိန္ဒိယနိုင်ငံ မိုးရေးမှ တမူး၊ မုံရွာ၊ မန္တလေးမှ တစ်ဆင့် ရန်ကုန်သို့ သယ်ယူပြီး ဗိုလ်ချုပ်ဈေးနှင့် မင်္ဂလာဈေးတို့တွင် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ဘီကီထံမှ ဆေးဝါးများ သယ်ဆောင်ဖြန့်ဖြူးမှုကို ၂၀၀၀ ပြည့်နှစ်အထိပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မတ်လခန့်မှစ၍ မူဆယ်မြို့ တောင်ရပ်ကွက် အမှတ်(တ/၂၃၅) နေကျော်ကျော်နိုင် (ခ) အဗ္ဗဒူရှာဘူးလ် (ဘ) ဦးကာလာများ၏ ဆက်သွယ်ပေးမှုအရ တရုတ်နိုင်ငံ ရွှေလီမြို့ ထန်ဆန်းလမ်းနေဆေးအတုပြုလုပ်ရောင်းချသူ တရုတ်နိုင်ငံသား လောက်ရောင်နှင့် သိကျွမ်းခဲ့ပြီး Ampicillin, Amoxycillin, Cloxacillin, Ciprolox ဆေးများကို အတုပြုလုပ် စေကာ ရွှေလီမြို့မှ လွယ်ကျယ်၊ ဗန်းမော်၊ မန္တလေးလမ်းကြောင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ သယ်ယူဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ၎င်းပြင် ၂၀၀၃ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံထုတ် Degecid ဆေးဝါးကျပ်သိန်း ၂၀ဖိုး၊ စက်တင်ဘာလအတွင်း Zinetac ဆေးဝါးကျပ်သိန်း ၄၀ဖိုးခန့်ကို ကလေးနှင့်တမူးမြို့ရှိ ၎င်း၏အဆက်အသွယ်များမှတစ်ဆင့် တရားမဝင် တင်သွင်းဝယ်ယူခဲ့ကြောင်း သိရှိရသည်။

ထပ်မံသိမ်းဆည်းရမိ

အလားတူ ဘီကီထံမှ ဆေးဝါးအတုများကို တင်သွင်းဖြန့်ဖြူးရောင်းချနေသူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်နေ စောလွင် (ခ)ဘဲလူး၏ ဆေးဂိုဒေါင်မှ Ampicillin ဆေးဝါးအတုလုံးရေ ၂၅၀၀၀၊ Amoxycillin ဆေးဝါး အတုလုံးရေ ၁၃၉၂၀၀၊ Cloxacillin-250 ဆေးဝါးအတုလုံးရေ ၃၀၄၀၊ C-Clox ဆေးဝါးအတုလုံးရေ ၂၈၈၈၀ နှင့် Amclox ဆေးဝါး အတုလုံးရေ ၂၄၀၀၀တို့ကို သိမ်းဆည်းရမိခဲ့ပြီး စောလွင်ထံမှ ဆေးဝါးအတုများ ဝယ်ယူရောင်းချနေသူ မန္တလေး ဈေးချိုတ(အီး)ရုံ ဆိုင်ခန်းအမှတ် ၉၁ မှ Ampicillin ဆေးဝါးအတုလုံးရေ ၉၇၅၀၀နှင့် Amoxycillin ဆေးဝါး အတုလုံးရေ ၄၄၂၅၀၊ ရန်ကုန်မြို့ မင်္ဂလာဈေး ဆိုင်အမှတ် ၇၅၉ အောင်ကျော်မိုး ဆေးဆိုင်မှ Ampicillin ဆေးဝါးအတုလုံးရေ ၁၀၄၀၀ နှင့် Ciprolox-250ဆေးဝါးအတုလုံးရေ ၂၂၂၀၀၊ ဆိုင်အမှတ် ၇၈၇ ကေကေဝင်းနိုင်ဆေးဆိုင်မှ Ampicillin ဆေးဝါးအတုလုံးရေ ၂၀၈၄၀ နှင့် Cloxacillin- 250 ဆေးဝါးအတု လုံးရေ ၃၇၀၀တို့ကို ထပ်မံသိမ်းဆည်း ရရှိခဲ့သည်။

ဥပဒေအရအရေးယူ

ဖော်ထုတ်ချက်များအရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၇ရက်မှ ၂၅ရက် အတွင်း Ampicillin ဆေးဝါးအတုလုံးရေ ၂၃၉၂၆၈၀၊ S-Mox (Amoxycillin)ဆေးဝါးအတုလုံးရေ ၁၂၈၅၄၀၊ Amoxycillin ဆေးဝါးအတုလုံးရေ ၂၃၆၇၀၀၊ Cloxacillin-250 ဆေးဝါးအတုလုံးရေ ၁၂၆၁၃၄၀၊ C-Clox ဆေးဝါးအတုလုံးရေ ၃၆၂၈၀၊ Amclox ဆေးဝါးအတုလုံးရေ ၂၄၄၀၊ Ampiclox ဆေးဝါး အတုလုံးရေ ၂၉၀၊ Ciprolox-250ဆေးဝါးအတု လုံးရေ ၈၆၂၂၀ Degecid တရားမဝင်ဆေးဝါးအတုလုံးရေ ၆၅၀၆၇၊ Zinetac တရားမဝင် ဆေးဝါးအတု လုံးရေ ၂၇၀၈၀ စုစုပေါင်းဆေးဝါး အတုလုံးရေ ၅၀၁၂၆၁၇လုံး သိမ်းဆည်းရရှိခဲ့ပြီး သိမ်းဆည်းရမိဆေးဝါးများ အနက် အိန္ဒိယနိုင်ငံဘက်မှ တရားမဝင် တင်သွင်းသော ဆေးဝါးများသည် အိန္ဒိယနိုင်ငံ၌လည်း တရားဝင်အသိ အမှတ်ပြုမှတ်ပုံတင်ထားခြင်းမရှိသော ကုမ္ပဏီမှထုတ်သည့် အာနိသင်မရှိသောဆေးဝါးများဖြစ်ပြီး တရုတ်ပြည်ဘက်မှ တရားမဝင် တင်သွင်းသော ဆေးပြားများသည် တရုတ်နိုင်ငံတွင် ဆေးဝါးအတုပြုလုပ်မှုဖြင့် သက်ဆိုင်ရာက ဖမ်းဆီးအရေးယူရန် အလိုရှိနေသော တရားခံပြေးတစ်ဦး၏ ကုမ္ပဏီမှ ထုတ်သည့် အာနိသင်မရှိသော ဆေးအတု များဖြစ်ကြောင်း၊ သို့ဖြစ်၍ ဖမ်းဆီးရမိထားသော တရားမဝင်ဆေးနှင့် ဆေးဝါးအတုရောင်းဝယ်ဖြန့်ဖြူးရာတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ *အထွက်ကောင်းမှ*

သို့ဖြစ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်တို့ ညှိနှိုင်းတိုင်ပင်၍ အထွက်ကောင်း ပြည်တွင်းစပါးတစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုရရှိလျက်ရှိနေကြောင်းသိရသည်။

တက်ရောက်လေ့လာ

ထိုသို့အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် စပါးမျိုးသစ်တစ်မျိုးအား အမည်ပေးခြင်းနှင့် စံကွက်ရိတ်သိမ်ခြင်း အခမ်းအနားကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ အတွင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးကျေးရွာ အုပ်စု အင်ခေါင်းကျေးရွာစိုက်ပျိုးရေးလုပ်ငန်းပိုင် လယ်မြေနှစ်ဧကအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူးက စံကွက်ရိပ်မည့် SR-၄၅၆ စပါးကို မြန်မာလို "ရွှေရင်အေး"စပါးဖြစ်ကြောင်း အမည်ပေး ကြေညာသည်။ ၎င်းနောက် တက်ရောက်လာကြသော တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများကို ပြောကြားရာမှာ "မြန်မာနိုင်ငံမှာ ဆန်စပါးကို အဓိကထား စိုက်ပျိုးနေကြောင်း၊ ထိုသို့ စိုက်ပျိုးသည့်နေရာမှာ နည်းသစ် စနစ်သစ်များနှင့် တစ်ဧကအထွက်တိုးရေးကို ဦးတည်ကြိုးပမ်းလျက်ရှိနေရာ တောင်သူများအသိပင်ဖြစ်ကြောင်း၊ ကျွန်တော်တို့၏ ဘိုးဘွားဘီဘင် လက်ထက်ကဆိုလျှင် တစ်ဧကတင်းသုံးလေးဆယ်သာ ထွက်သည့်အနေအထားကို တွေ့ရကြောင်း၊ ယခုအခါမှာ ယင်းအနေအထားကို ကျော်လွှားပြီး စပါးရာကျော်ထွက်အောင် တိုင်းပြည်နဲ့အဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။ တိုးတက်လာသော လူဦးရေနှင့် မျှတစွာ စားသုံးမှုဖူလုံနိုင်ရန်၊ တစ်နည်းအားဖြင့်ပြောရလျှင် လူသားကမ္ဘာကြီး လှလှပပ လုံလုံလောက်လောက် စားသုံးနိုင်ရန်အတွက် ကြိုးပမ်းနေကြရခြင်း ဖြစ်ကြောင်း"တို့ကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က စပါးမျိုးမှာ အထွက်ကောင်းမျိုးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်နှင့် လိုက်လျောညီထွေရှိကြောင်း၊ တောင်သူတို့အတွက် အကျိုးရှိသော မျိုးဖြစ်၍ စိုက်ပျိုးနိုင်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စံကွက်ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ချိန်တွယ်ခြင်းများကို မြို့နယ်နှင့်ကျေးရွာ စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာများက ဆောင်ရွက်ပြသကြသည်။

အဆိုပါ"ရွှေရင်အေး"အမယ်သစ် (အမည်သစ်)စပါးသည် အေးမြသော ရှမ်းပြည်နယ် ဒေသနှင့်ကိုက်ညီသော မျိုးစပါးဖြစ်ပြီး တစ်ဧကလျှင် မျိုးစပါးတစ်တင်းခွဲနှုန်း၊ ကောက်ပင်တစ်သိန်းသုံးသောင်းနှုန်းဖြင့် စိုက်ပျိုးထားရှိခဲ့ရာ စပါးတစ်ပင်လျှင် ပင်ပွားရှစ်ပင်မှ အပင်၂၀အထိပွားပြီး စပါးတစ်နှံလျှင် စပါးစေ့ပေါင်း၈၀မှ ၂၀၀အထိရှိသည်။ ပျမ်းမျှစပါးတစ်နှံလျှင် စပါးအောင်စေ့ ၁၀၀စေ့အထိ ထွက်ရှိကြောင်း ရေတွက်သိရှိရပြီး တစ်ဧကလျှင် အနည်းဆုံးစပါးအစိုတင်း ၁၄၀ နှုန်း ထွက်ရှိသည်ဟုသိရသည်။ အခြောက်ခံနယ်လှေ့ပြီးပါက တစ်ဧက အသားတင် စပါးတင်း ၁၁၀ ထွက်ရှိမည်ဟု ခန့်မှန်းကြသည်။

ထို့အပြင် အဆိုပါ"ရွှေရင်အေး"အမယ်သစ်(အမည်သစ်) စပါး မျိုးသည် စပ်မျိုးမဟုတ်ဘဲ လက်ရှိစိုက်ပျိုးထွက်ရှိနေသော စပါးမျိုးကိုပင် ထပ်မံမျိုးပွားစိုက်ပျိုး၍ရသောကြောင့် တောင်သူကြီးများအထူးနှစ်သက်လျက် ရှိနေကြသည်ကို လေ့လာသိရှိခဲ့ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က သဃ်န်းကျွန်းမြို့ နယ် နှင့် သာကေတမြို့နယ်တို့သို့ ဂျိုးဖြူပိုက်လိုင်းမှ တစ်ဆင့် သောက် သုံး ရေဖြန့်ဝေပေးနိုင်ရန် ဒီဇင်ဘာ၃၀ ရက်တွင် သံသုမာလမ်းနှင့် လေးထောင့်ကန်လမ်းဆုံ၌ ၂၄ လက်မရှိ ကြိုတင်အားဖြည့် ပင်မမြေအောက်ရေပိုက်လိုင်းကို စီမံကိန်းအင်ဂျင်နီယာဌာနခွဲမှူး ဦးခင်မောင်ဖူးနှင့် ဝန်ထမ်းများက ဆက်သွယ်ဆောင်ရွက်ကြစဉ်။(က-ပ)

ပန်းချီပြပွဲကြည့်ရှုနိုင်

ရန်ကုန် ဇန်နဝါရီ ၂

ဗဂျီအောင်စိုး၏ သား မြင့်စိုး တစ်ကိုယ်တော်ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်အလှပညာခန်းမ၌ ဇန်နဝါရီ ၁ရက်မှ ၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲတွင် လျှပ်တစ်ပြက်ခံစား၍ စက္ကူပေါ်တွင် မင်ဖြင့်ရေးဆွဲထားသော ပန်းချီကား ၄၀ပြသမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၆။	ကဗျာပန်းဥယျာဉ်
၈:၁၅	၇။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"**(အပိုင်း-၃)
၁၄:၀၅	၆။	ပသောင်းတံတား
၁၄:၁၀	၇။	**"တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ"** (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၄:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅	၉။	International News
၁၅:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅	၆။	နှားဝင်ပီယံသူ့လက်သံ
၁၇:၂၅	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	အကပဒေသာ
၁၇:၅၀	၉။	တေးဂီတအစီအစဉ်
၁၈:၀၅	၁၀။	၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းဆင်းဘင်ခရာ တီးပြိုင်ပွဲ
၁၈:၁၅	၁၁။	စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Discovery
၁၉:၂၅	၁၅။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀	၁၆။	အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "မျိုးချစ်စိတ်ဓာတ်" (အပိုင်း-၂)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း" (အပိုင်း-၁)
	၂၁။	လွတ်လပ်ရေးနှင့် တေးကဗျာ (ဗိုလ်ကလေးတင့်အောင်၊ အကယ်ဒမီ ဂီတလုလင် ဦးကိုကို စီစဉ်တင်ဆက်သည်)

မာမီးခေါက်ဆွဲငွေကျပ် သန်း(၁၀၀)တန် မဟာကံစမ်းမဲအစီအစဉ်စတင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက် (Myanmar Mamee-Double Decker Limited)၏ မာမီးခေါက်ဆွဲစားသုံးသူများအတွက် ငွေကျပ်သန်း ၁၀၀ တန် မဟာကံစမ်းမဲ အစီအစဉ် စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာမာမီးဒါဘယ်ဒက်ကာ လီမိတက်မှ အထွေထွေမန်နေဂျာ Mr. Ng Kim Seok နှင့် Marketing Executive ဒေါ်ခင်သက်ခိုင်တို့က စားသုံးသူများအတွက် ငွေကျပ်သန်း ၁၀၀ တန် မဟာကံစမ်းမဲ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများကသိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါ မြန်မာမာမီးဒါဘယ်ဒက်ကာ လီမိတက်သည် အသင့်စားခေါက်ဆွဲနှင့် Snack များကို ထုတ်လုပ် ရောင်းချနေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ငွေကျပ်သန်း ၁၀၀ တန် မဟာကံစမ်းမဲအစီအစဉ်တွင် ငွေကျပ် ၁၅ သိန်းဆု၊ ငွေကျပ် ၁၀ သိန်းဆု၊ ငွေကျပ်ငါးသိန်းဆုနှင့် ရွှေတစ်ကျပ်ခွဲသားရှိ ရွှေဆွဲကြိုးဆု သုံးဆုစီ၊ ငွေကျပ်တစ်သိန်းဆု ၁၀ ဆုနှင့် အခြား ဆုမဲပေါင်းများစွာကို ထည့်သွင်းထားသည်။

ကံစမ်းမဲအစီအစဉ်မှာ မာမီးခေါက်ဆွဲထုပ်တိုင်းတွင် ထည့်သွင်းပေးထားသည့် မဲပြားများကို ခြစ်၍ ကံစမ်းရမည်ဖြစ်ပြီး ကံစမ်းမဲကာလမှာ ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ရက်အထိ ဖြစ်သည်။

ကံစမ်းမဲများမှ မဲပေါက်သော ဆုငွေများနှင့် ပစ္စည်းများအနက် ငွေကျပ် ၅၀၀၀နှင့်အောက် ဆုမဲများကို မာမီးခေါက်ဆွဲအရောင်းဆိုင်များတွင်လည်းကောင်း၊ ငွေကျပ်၁၀၀၀၀ နှင့်အောက်ဆုမဲများကို Asia Light Co., Ltd.၏ ဌာနခွဲများတွင်လည်းကောင်း၊ ငွေကျပ် ၅၀၀၀၀ နှင့်အထက် ဆုမဲများကို မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန် အမှတ်(၃)လမ်းမကြီး အမှတ် ၄၁ ရှိ မြန်မာမာမီးဒါဘယ်ဒက်ကာလီမိတက်(ရုံးချုပ်)တွင်လည်းကောင်း ဧပြီ ၃၀ ရက်အထိ ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

လနေအမှတ်တံဆိပ် ကမ္ဘာ့ရတနာသိပ္ပံဆေးကြီး ပြည်သူများသုံးစွဲရန်မသင့်ကြောင်းကြေညာ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချနေသော လနေအမှတ် တံဆိပ် ကမ္ဘာ့ရတနာသိပ္ပံဆေးကြီးသည် တိုင်းရင်းဆေးစစ်စစ်မဟုတ်ဘဲ အနောက်တိုင်းဆေးများပါဝင်ဖော်စပ်ထားသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်သူလူထုသုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးဖြစ်ကြောင်းနှင့် ပြည်သူအများသုံးစွဲရန် မသင့်ကြောင်းသက်ဆိုင်ရာမှ သိရှိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနက အရေးယူဆောင်ရွက်ရန် စီစဉ်နေသည်။

ထို လနေအမှတ်တံဆိပ် ကမ္ဘာ့ရတနာသိပ္ပံဆေးကြီးတွင်ပါဝင်သည့် အနောက်တိုင်းဆေးများမှာ Paracetamol, Prednisolone နှင့် Chlorpheniramine maleate တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံသို့ တရားမဝင်ခေါ်ဆောင်ခိုင်းစေခြင်းခံကြရသော ကလေးငယ်များ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် လွှဲပြောင်းလက်ခံပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတို့မှ တာဝန်ရှိသူများက တွေ့ဆုံစဉ်။ (သတင်းစဉ်)

တရားမဝင်ခေါ်ဆောင်ခိုင်းစေခံရသော မြန်မာနိုင်ငံသားကလေးငယ်ခြောက်ဦး မြန်မာ-ထိုင်း အစိုးရချင်းညှိနှိုင်းမှုဖြင့် ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

ထိုင်းနိုင်ငံသို့ တရားမဝင်ခေါ်ဆောင်၍ စီးပွားရှာခိုင်းစေခံရသော အသက်ခြောက်နှစ်မှ (၁၂)နှစ်အတွင်း မြန်မာကလေးငယ် မိန်းကလေးခြောက်ဦးကို မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်မှုဖြင့် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကလေးများမှာ မြဝတီမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် နေထိုင်ကြသူများဖြစ်ပြီး ၎င်းတို့၏ မိဘများထံမှ ပွဲစားများက ၂၀၀၃ခုနှစ်အတွင်းက လှည့်ဖျားခေါ်ယူခဲ့ပြီး ထိုင်းနိုင်ငံသို့ ရောင်းချစေလွှတ်ခဲ့ကြောင်း သိရှိရသည်။ ၂၀၀၃ခုနှစ် စက်တင်ဘာ ၁၀ရက်ထုတ် ထိုင်းသတင်းစာများတွင် အရွယ်မရောက်သေးသော ကလေးငယ်များအား ဗန်ကောက်မြို့ရှိ ကာရာအိုကေဆိုင်များ၊ အရက်ဘားများတွင် သကြားလုံးနှင့် ပန်းများ ရောင်းချစေလျက်ရှိကြောင်း သတင်းဖော်ပြပါရှိလာ၍ ဗန်ကောက်မြို့ မြန်မာသံရုံးမှ လိုအပ်သောစုံစမ်းမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အရွယ်မရောက်သေးသော ကလေးငယ်ခြောက်ဦး ပါဝင်သည်ကို တွေ့ရှိခဲ့သည်။

ထိုသို့ တွေ့ရှိရသဖြင့် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ခဲ့ပြီး ကလေးငယ်များ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာသံရုံးမှ တာဝန်ရှိသူများ၏ မေတ္တာရပ်ခံချက်အရ ကလေးငယ်များအား ထိုင်းအစိုးရ လူမှုဝန်ထမ်းဌာနမှ ခေါ်ယူစောင့်ရှောက်ထားပြီး မြန်မာအစိုးရသို့ ယခုကဲ့သို့ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်သည်။ ဆက်လက်၍လည်း တရားမဝင် ခိုးထုတ်ခြင်းခံရသော အမျိုးသမီးနှင့် ကလေးငယ်များအား နှစ်နိုင်ငံချစ်ကြည်မှုအခြေခံ၍ စောင့်ရှောက်ကူညီပြီး ဤသို့ လူမှောင်ခိုသူများအား ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကလေးများအား ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအရာရှိတစ်ဦး လိုက်ပါပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂ အစီအစဉ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာရောက်ကြိုဆိုကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

▼ *ကျောဖုံးမှ*

ဖြတ်ကျော်ပြီး တရှိန်ရှိန်နာမည်ကြီးလာသူဖြစ်ပါ၏။ ၎င်းသည် ၂၀၀၃ခုနှစ် ရွှေတံဆိပ်ရသူ အေးဗိုစိန် (တွံတေး)ကို မရှုံးမနိုင်သရေကျခဲ့၍ ပရိသတ်များ မချင့်မရဲဖြစ်ခဲ့ကြရသည်။ ၎င်းတို့နှစ်ဦး၏ မကျေပွဲအဖြစ် ဇန်နဝါရီ ၁၀ရက်တွင် သုဝဏ္ဏပိုက်ကျော်ခြင်းရုံ၌ အပြတ်အသတ်ထိုးကြိတ်သည်ကို တွေ့ကြရမည်ဖြစ်သည်။ ကျော်တင်က ပြုံးပြုံးလေးနှင့်မြန်သလောက် အေးဗိုစိန်၏ အထွက်အဝင် ခြေကန်ချက်တွေမှာလည်း အားပါလှချည်ရဲ့ဟု ပရိသတ်သြချခဲ့ရသည်။

၎င်း၏ ညီကျော်ဆန်းကလည်း တိုင်းနှင့်ပြည်နယ်ပွဲတွင် ငွေတံဆိပ်ရခဲ့သူဖြစ်ပါသည်။ ၎င်းတို့ညီနောင်သည် ဆရာစိုးသန်းဝင်း၏ (KLN)ကလပ်၌ လေ့ကျင့်လျက်ရှိကြသည်။ ကျော်ဆန်းသည် လက်သီးလေ့ကျင့်မှု ဘယ်ညာတွဲလက်သီးများ အလွန်ကောင်းသည်ဟုဆိုကြသည်။ ၎င်းနှင့်တွဲထိုးမည့်သူမှာ တောင်ငူကလာသော ပအိုဝ်းကလေး ခွန်မောင်ကြူးပါ။ မောင်ကြူးကလည်း လျှော့တွက်လို့မရပါချေ။ လူကပုပေသော်လည်း ပညာမခေ၊ တစ်ဖက်လူလဲအောင် ကန်နိုင်သူလို့ ဆိုပါ၏။

လက်ရှိချန်ပီယံရွှေဆိုင်း (မြိုင်ကြီးငူ) အကြောင်းပြောပါက ရွှေဆိုင်းသည် ရွှေခါးပတ်ချန်ပီယံဟောင်း ဇော်ဝင်းထွန်း(သထုံ)ကို ဘားအံပွဲ၌ အလဲထိုးနိုင်ခဲ့သူဖြစ်ပါသည်။ ၎င်းသည် မြန်မာပြည်ချန်ပီယံဖြစ်နေသော ရှမ်းလေးသွေး(ခ)ကျော်စွာကို အနိုင်ယူပြီး ချန်ပီယံဖြစ်လာသူ ဖြစ်ပါ၏။ ကျော်စွာက ဝမ်ချိုင်းထံမှ ချန်ပီယံဘွဲ့ရယူခဲ့သူဖြစ်၏။ယင်းကျော်စွာကို မြိုင်ကြီးငူကလာသော ရွှေဆိုင်းက ထပ်ဆင့်နိုင်ပြန်၍ ရွှေဆိုင်းသည် မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့ရပါသည်။ သူသည် ဘားအံတွင် ဆရာဖြစ်သူ မောင်ကျော်နှင့် အပြင်းအထန်လေ့ကျင့်နေကြောင်း ကြားသိရသည်။ သူ၏သရဖူကို လာမည့်ပွဲတွင် မကာကွယ်နိုင်ပါက ဝမ်ချိုင်းကြီးက တစ်ကျော့ပြန်ချန်ပီယံ ပြန်ဖြစ်သွားမည်လားဆိုသည်ကို ပေနှစ်ဆယ်ကြိုးဝိုင်းအတွင်းမှာ အထင်ကရ မြင်ကြရပါတော့မည်။

ဝမ်ချိုင်းသည်လည်း ရန်ကုန်၌ အပြင်းအထန် လေ့ကျင့်နေပါသည်။ သူ၏ချန်ပီယံဘွဲ့ကို အရိုးကြေကြေ အရေခန်းခန်း ပြန်ယူမည်ဟု ကြိမ်းဝါးထားပါ၏။ သူသည် ချန်ပီယံဘွဲ့ကို နာမည်ကြီး (ယခုအဆိုကျော်)ရွှေရူပံကြီးဆီက ယူထားခြင်းဖြစ်သည်။ သို့သော် ကံအကြောင်းမလှပြန်ဘဲ ရှမ်းလေးသွေး(ခ)ကျော်စွာကို အရှုံးပေးခဲ့ရခြင်းဖြစ်ပါသည်။ ကျော်စွာထံမှ လုယူသွားသော ချန်ပီယံသရဖူကို ဝမ်းချိုင်းက ပြန်ယူနိုင်၊ မယူနိုင်ဆိုသော အဖြေကို လာမည့်ဇန်နဝါရီ ၁၁ရက်တွင် သုဝဏ္ဏ ပေနှစ်ဆယ်ကြိုးဝိုင်း၌ တွေ့ကြရပါတော့မည်။ ။

(မြန်မာ့အလင်း)

တိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင်ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ နန်းမြင့်မျှော်စင်ပေါ်မှ ရန်ကုန်မြို့တော် အပေါ်စီးမြင်ကွင်းနှင့် ပဲခူးမြစ်ရှုခင်းအလှကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ဖွင့်ပွဲတွင် တိုင်းရင်းသား ရိုးရာအကပဒေသာများ၊ Tree တေးဂီတအဖွဲ့နှင့် တိုင်းရင်းသား စတီရီယိုအဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တိုင်းရင်းသားတိုင်းရင်းသူများ၏ ရိုးရာအကပဒေသာများ၊ တိုင်းရင်းသားရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် အစားအစာ ဈေးရောင်းပွဲများ ပါဝင်စီစဉ်ထားမည်ဖြစ်သည်။

ထို့ပြင် သွေးချင်းများ၏ဓလေ့ထုံးတမ်းများကိုလေ့လာရင်း ကချင်ပြည်နယ်မှ ခါကာဘိုရာဇီတောင်၊ ကယားပြည်နယ်မှ တောင်ကွဲစေတီ၊ ကရင်ပြည်နယ်မှ ဇွဲကပင်တောင်၊ ချင်းပြည်နယ်မှ ရိဒ်ရေကန်၊ မွန်ပြည်နယ်မှ ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်မှ ထုဏ္ဍနဲ့သိမ်နှင့် ရှမ်းပြည်နယ်မှ အင်းလေးကန်များရှိရာသို့ အပျော်စီးကားများဖြင့် အရောက်သွားနိုင်မည်ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကို နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆နာရီထိ ဖွင့်လှစ်မည်ဖြစ်ရာ လူကြီး ကျပ် ၅၀၊ ကလေး ၂၅ ကျပ်နှုန်းနှင့် နိုင်ငံခြားသား 3FEC နှုန်းဖြင့် မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပြီး အမှတ် ၃၂ နှင့် အမှတ် ၄၉ (အဝါ)ကားများ ရောက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပါး(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု(၁၀၉)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ဆရာတော်ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ L.L.B)၊ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပါး(၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊မဟာဓမ္မာစရိယ)တို့ကကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင်ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် ဇန်နဝါရီ ၉ရက်(သောကြာနေ့) ပြာသိုလပြည့်ကျော် ၃ရက် အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရှင်သာမဏေ ဓမ္မပီမာန်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂

(၁၆)ကြိမ်မြောက် မင်္ဂလာဇမ္ဗူဟာသာမဏေကျော် စာအောင်ဆုနှင်းသဘင် အကြိုတရားပွဲများကို ရွှေတိဂုံဘုရားအရှေ့မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မပီမာန်တွင် ဇန်နဝါရီ ၁၀ ရက်၌ ဗဟန်းမဟာဝိသုဒ္ဓါရုံ တိပိဋကဓရ ယောဆရာတော်၊ ဇန်နဝါရီ ၁၁ ရက်တွင် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော် အရှင်ဇဝန၊ ဇန်နဝါရီ ၁၇ ရက်တွင် ရွာမပရိယတ္တိဆရာတော်အရှင်တိလောကာဘိဝံသ၊ ဇန်နဝါရီ ၁၈ ရက်တွင် ဆရာဦးလှသိန်းထွဋ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ဒေါက်တာမင်းတင်မွန်နှင့် ဇန်နဝါရီ ၂၅ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ အသီးသီးတို့က မွန်းလွဲ ၁နာရီမှစ၍ ဟောပြောကြမည်ဖြစ်၍ မည်သူမဆို ကြွရောက်နာယူနိုင်ကြသည်။

(က-ပ)

ဘာသာစကား သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

KM Language & Business Centre က စီစဉ်သော အချိန်တိုအတွင်း အထိရောက်ဆုံးသော နည်းဖြင့် လက်တွေ့လေ့ကျင့်သင်ကြားပေးမည့် မလေးနှင့် ထိုင်းစကားပြောသင်တန်းများ အပတ်စဉ်(၁၁)ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ KM Centre အမှတ် ၂၅ နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ဖုန်း-၂၂၁၁၆၀နှင့် အမှတ် ၂၈၆ ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း-၇၀၉၈၇၄ သို့ ဆက်သွယ် စုံစမ်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ် ၉၄ က ထုတ်ဝေသော ၂၀၀၄ခုနှစ် ဇန်နဝါရီလထုတ် ရီပိုတာဂျာနယ် အမှတ် (၁၀၂) မျက်နှာအဖုံး။ (အပေါ်ပုံ)(က-ပ)

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (အလယ်) ဒုထပ်(ဝဲ) အခန်း ၁၅ အမှတ် ၂၀၁ က ဖြန့်ချိလျက်ရှိသည့် ၂၀၀၄ခုနှစ် ဇန်နဝါရီလထုတ် သရဖူမဂ္ဂဇင်း အမှတ်(၇၅) မျက်နှာဖုံးကို တွေ့ရစဉ်။ (အပေါ်ပုံ) (က-ပ)

■ *(၄၉) ကြိမ်မြောက်မှ*

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၁၄ရက်မှစတင်၍ အထက်မြန်မာပြည်ဇုန်(မုံရွာမြို့)နှင့် အောက်မြန်မာပြည်ဇုန် (ဟင်္သာတမြို့)တို့၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များရေးဆွဲထားရာ အထက်မြန်မာပြည်ဇုန်(မုံရွာမြို့)၌ အုပ်စု(က)နှင့် အုပ်စု(ခ)ပွဲစဉ်များကိုလည်းကောင်း၊ အောက်မြန်မာပြည်ဇုန် (ဟင်္သာတမြို့)၌ အုပ်စု (ဂ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ၁၆ သင်းကို အုပ်စုလေးစုခွဲထားရာ အုပ်စု(က)တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်း၊ အုပ်စု(ခ)တွင် တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း၊ အုပ်စု(ဂ)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်၊ အုပ်စု(ဃ)တွင် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့ ပါဝင်ကြသည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲကို ဖေဖော်ဝါရီ၅ရက်နှင့် ၆ရက်တွင်လည်းကောင်း၊ တတိယလုပွဲကို ဖေဖော်ဝါရီ ၈ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ၉ရက်တွင် လည်းကောင်း ကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြှောက်တိုင်းလည်း မမြှောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုနေသည့် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ

ပြည်နယ်နှင့်တိုင်း	လျှပ်စစ်မြစ်ရေတင်		ဒီဇယ်မြစ်ရေတင်		လုပ်ငန်းပေါင်း	
	ဦးရေ	အကျိုးပြုဧက	ဦးရေ	အကျိုးပြုဧက	ဦးရေ	အကျိုးပြုဧက
ကချင်	-	-	၂	၈၅၀	၂	၈၅၀
ကယား	၁	၃၀၀၀	-	-	၁	၃၀၀၀
ကရင်	၁	၁၅၀၀	-	-	၁	၁၅၀၀
စစ်ကိုင်း	၉	၃၂၀၂၀	၃၉	၃၅၈၅၈	၄၈	၆၇၈၇၈
တနင်္သာရီ	-	-	၂	၂၀၀	၂	၂၀၀
ပဲခူး	၂၀	၃၀၈၀၀	၃၅	၂၁၅၃၂	၅၅	၅၂၃၃၂
မကွေး	၁၆	၆၂၇၈၆	၂၈	၉၃၁၅	၄၄	၇၂၁၀၁
မန္တလေး	၁၆	၂၀၅၉၃	၅၄	၂၃၆၉၇	၇၀	၄၄၂၉၀
မွန်	-	-	၄	၁၄၀၀	၄	၁၄၀၀
ရခိုင်	-	-	၁	၄၀၀	၁	၄၀၀
ရန်ကုန်	၇	၂၁၀၀၀	၈	၁၄၃၀	၁၅	၂၂၄၃၀
ဧရာဝတီ	၁၃	၄၉၂၅	၉	၁၀၇၀၀	၂၂	၁၅၆၂၅
စုစုပေါင်း	၈၃	၁၇၆၆၂၄	၁၈၂	၁၀၅၃၈၂	၂၆၅	၂၈၂၀၀၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တရုတ်လှကျေးရွာကို စံပြကျေးရွာအဖြစ် နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့ပြီး စိုက်ပျိုးရေ ရရှိရေးအတွက် တရုတ်လှ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ဤသို့ ဆောင်ရွက်ပေးထားသည်။

မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီ မြစ်ရေတင်စခန်းကို တွေ့ရစဉ်။

မကွေးတိုင်း စလေမြို့နယ်ရှိ ဥမင် ကိုးပေါက် မြစ်ရေတင် (ဧရာဝတီ) ရေပေါ် ရေတင် စက်ရုံများ။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေသည် မရှိမဖြစ် အဓိက လိုအပ်ချက်ဖြစ်သည်။ အချိန်အခါမရွေး တစ်သီးမှ နှစ်သီး၊ နှစ်သီးမှ သုံးသီး စိုက်ပျိုးပြီး သီးနှံစွမ်းအား တိုးတက်မြင့်မားစေရန် နိုင်ငံတစ်ဝန်း မြစ်ရေတင် စီမံကိန်းများကို ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မြစ်ရေတင် စီမံကိန်းလုပ်ငန်းကြီး ၂၆၅ ခု ကို တည်ဆောက်နိုင်ခဲ့သည်။

မန္တလေးတိုင်း ညောင်ဦး မြို့နယ်ရှိ စိုက်ပျိုးမြေဧက ၁၁၀၀၀ အကျိုးပြုသည့် လောကနန္ဒာ မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။

ဓမ္မာရုံကျောင်း သိမ်သမုတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

မန္တလေးတိုင်း မန္တလေးမြို့ သံဃနာယကဥက္ကဋ္ဌဘဒ္ဒန္တသာသနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော်နှင့်မန်းမြို့မြင်းဝန်မင်းကြီးတိုက် မန်းခေတ္တရာကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒကပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကို အမှူးထားလျက် နောက်ပါသံဃာရှစ်ပါးတို့နှင့်အတူ ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက် (ဇန်နဝါရီ ၁၂ ရက်)မှစ၍ဇေယျာဝတီမြို့ ဇေယျာဝတီဆရာတော် ဘဒ္ဒန္တသောဘန၏ ဓမ္မာရုံကျောင်းတိုက်ကြီးတွင် သောဘနလင်္ကာရာဘယရုံသီ ဝိသုံဂါမ သိမ်သမုတ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၂ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ငပလမ်းဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်ချီးမြှင့်စဉ်။ (နယ်စပ်/စည်ပင်)

မွေးနေ့ဆုမွန်

ချစ်သမီးကြီး မမြတ်စန္ဒီညို (ဂုဏ်ထူးတန်း၊ UCSY)၏ ၂၈-၁၂-၂၀၀၃ ရက်နေ့တွင် ကျရောက်သည့်မွေးနေ့

ချစ်သား ဗိုလ်လောင်းဝင်းဟိန်းညို(ပထမနှစ် DSTA)၏ ၃၁-၁၂-၂၀၀၃ ရက်နေ့တွင် ကျရောက်သည့်မွေးနေ့

ချစ်သမီးငယ် မခင်ပြည့်စုံညို (စတုတ္ထတန်း၊ အမက-၁၅၊ စစ်တွေ)၏ ၃-၁-၂၀၀၄ ရက်နေ့တွင် ကျရောက်သည့်မွေးနေ့ အသီးသီးတို့မှသည် နောင်နှစ်တစ်ရာတိုင် လိမ္မာထူးချွန်ထက်မြက်ပြီး နိုင်ငံအကျိုးဆောင်ရွက်နိုင်သည့် သားရတနာ၊ သမီးရတနာများ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဖေဖေ-ဒုတိယဗိုလ်မှူးကြီးညိုဝင်းမြင့်(ငြိမ်း)
ချစ်မေမေ-ဒေါ်ခင်မျိုးသန့်

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၂ ခုနှစ် ...

"ငါ သူတစ်ပါး မယားကိုခိုး မိန်းမ" ...

ခင်ဇာခြည်ကျော် နှင့်

"ငါ သူတစ်ပါး မယားကိုခိုး မိန်းမ" ...

... မေသန်းနု ...

သိင်္ဂီရွှေဝါ ...

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပွဲပြသမည့် အစီအစဉ်နှင့်စပ်လျဉ်း၍သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာဘရူဝါရီလီမိတက်နှင့် Star Entertainment တို့ပူးပေါင်း စီစဉ်ကျင်းပသည့် အင်္ဂလိပ်ပရီမီးယားလိဂ်နိုက်(English Premier League Nite)ဘောလုံးပွဲပြသမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ပထမဦးစွာ မြန်မာဘရူဝါရီ လီမိတက်မှ ကော်မရှယ်မန်နေဂျာ Mr. Victor Seah ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာဘရူဝါရီလီမိတက်မှ ဘရန်းမန်နေဂျာ ဒေါ်မြစိမ်းရည်က အင်္ဂလိပ်ပရီမီးယားလိဂ်နိုက်ဘောလုံးပွဲပြသမည့်အစီအစဉ်များကို ရောင်စုံဆလိုက်ဖြင့် ရှင်းလင်းပြသပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းသမားများက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာဘရူဝါရီလီမိတက်နှင့် Star Entertainment တို့ပူးပေါင်းစီစဉ်ကျင်းပသည့် အင်္ဂလိပ် ပရီမီးယားလိဂ်နိုက်ဘောလုံး ပွဲပြသခြင်းအစီအစဉ်တွင် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၀ရက် မြန်မာစံတော်ချိန် ည ၉နာရီခွဲ၌ အင်္ဂလိပ်ပရီမီးယားလိဂ်ပွဲစဉ်အဖြစ် ကျင်းပမည့် မန်ချက်စတာယူနိုက်တက်အသင်းနှင့်နယူးကာဆယ်ယူနိုက်တက်အသင်းတို့၏ ယှဉ်ပြိုင်ကစားကြပွဲများကို ပေ၂၀ ပတ်လည်ပိတ်ကားကြီးဖြင့်ပြသမည်ဖြစ်သည်။

အင်္ဂလိပ်ပရီမီးယားလိဂ်နိုက် အစီအစဉ်ကို ညနေ ၅နာရီမှ ည ၁၁နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ ဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်ခြင်း မစတင်မီ ည ၇ နာရီမှ ၉ နာရီအထိ နာမည်ကြီးအဆိုတော်များက G Riderတီးဝိုင်းဖြင့် ပူးပေါင်း၍ သီဆို ဖျော်ဖြေမည်ဖြစ်သည်။

အင်္ဂလိပ်ပရီမီးယားလိဂ်နိုက်ပျော်ပွဲရွှင်ပွဲ၌ ပါဝင်ကြည့်ရှုခံစားလိုသူများ ညနေ ၅ နာရီမှ ၇ နာရီအတွင်း လာရောက်ပါက ဝင်ကြေးငွေကျပ် ၂၅၀၀ သာ သတ်မှတ်ထားသည်။ ထို့အပြင် ပထမဆုံး လက်မှတ် ၅၀၀ အထိဝယ်ယူသူများကို လက်မှတ်တစ်စောင်စီအတွက် လက်ဆောင်ပေးမည့်အစီအစဉ်များ လည်းပါဝင်သည်။ လက်မှတ်များကို ကြိုတင်ရောင်းချမည်မဟုတ်ဘဲ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ညနေတွင် ယုဇနဂါးဒင်းဟိုတယ်၌ ရောင်းချပေးသွားမည်ဖြစ်သည်။

အင်္ဂလိပ်ပရီမီးယားလိဂ်နိုက် အစီအစဉ်ဖြစ်မြောက်ရေးအတွက် Canon၊ Bagan NET နှင့် Asia Time တို့က ပူးပေါင်းပါဝင်ကူညီကြမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ရွှေယမုံမင်း ရွှေဆိုင်

ကိုကျော်ထွန်းမင်း + မမိုးမိုးကျော်

အမှတ် (၄၉၉) မဟာဗန္ဓုလလမ်း

ရွှေဘုံသာလမ်းနှင့် ၂၉လမ်းကြား ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်

☎ - 724964, 685221 - 0980-31394

၁၅' ရွှေရည်မှာ စံထား

အလျော့တွက်မှာ ဈေးသား

ရွှေယမုံမင်း မှာ

ရောင်းသူဝယ်သူစိတ်ချမ်းသာမှုများ

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းစာမှုန့်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂

မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ည ၇ နာရီတွင် သတင်းအရ မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီး နာရီစင်အနီး၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသူ ဘရန်အောင် (ခ) လထွယ်အား စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်အတွင်းမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးခဲ့ရာ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ မန်ကျယ်ကျေးရွာနေ လခမ်း(ခ) ခမ်းအောင်၏ ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်၍ မူဆယ်မြို့ ၄၅ ကုန်း ကချင်ပွဲတော်တွင် လခမ်း(ခ) ခမ်းအောင်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှတပ်ဖွဲ့ဝင်များ၊ ကော့သောင်းမူးယစ်အထူးအဖွဲ့နှင့် မြိတ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် သတင်းအရ မြိတ်မြို့ အောင်ဆန်းလမ်းမကြီးနှင့် ရွှေလိပ်ပြာလမ်းထောင့်၌ သတင်းအရ စောင့်ဆိုင်းခဲ့ရာ သန်းဌေးထံမှ ပလတ်စတစ်အိတ်များဖြင့် ထည့်ထားသော ဘိန်းစာမှုန့် ၃၂၀ ဂရမ်ဖမ်းဆီးရမိခဲ့ပြီး သန်းဌေး၏ နေအိမ်မှ ဘိန်းစာမှုန့် ၂၃သမဓာဖ်ကီလို ထပ်မံသိမ်းဆည်းရမိပြီး ကွင်းဆက်တရားခံ ဝင်းအေးနှင့် သက်လွင်ဦး(ခ)ဝင်းလွင်ဦးတို့ကိုပါ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စကားပြောနှင့်အင်္ဂလိပ်စာအရေးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများ၊ အင်္ဂလိပ်စာကို လေ့လာသူများအတွက် အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်စွာ ရေးသားနိုင်ရန်ရည်ရွယ်၍ YES Language Centre မှလစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E) သင်တန်းများကို ဇန်နဝါရီ ၁၂၊၁၇၊၁၉ နှင့် ၂၄ ရက်များတွင်လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို ဇန်နဝါရီ ၁၉ ရက်တွင် လည်းကောင်း၊ Grammar Foundation Course (G.F.C) နှင့် Vocabulary Enrichment Course (V.E.C) သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ဆရာဦးမြင့်အောင် ကိုယ်တိုင် သင်ကြားသော Intermediate English (IE), Academic Writing Course (AWC), SAI(I), SAI (II) TOEFL နှင့် IELTS သင်တန်းများကို ဇန်နဝါရီ ၁၁၊၁၂၊ ၂၄၊၂၆ ရက်နှင့် ၃၁ရက်များတွင် ဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများ YES Language Centre အမှတ် ၁၁၉ Y.W.C.Aအဆောက်အအုံ ပထမထပ် ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း- ၂၄၅၈၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လော်ကားဥယျာဉ် ဖွင့်လှစ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၂

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေနေ့)လွတ်လပ်ရေးနေ့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

International English Language Centre မှ ဦးဉာဏ်ဝင်း ကိုယ်တိုင် LCCI(U.K)English for Business or Commerce Level(I,II,III)၊ International English Language Testing System(IELTS)နှင့် Scholastic Aptitude Test(SAT)I,II တို့ကို သတ်မှတ်စံနှုန်းမီ (Prescribed Standard of Excellence)ဖြေဆိုအောင်မြင်နိုင်အောင် တစ်ဦးချင်းစီ၏ အရည်အသွေးကို ဖော်ထုတ်ကာ သင်ကြားလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက အမှတ် ၃၄၅ အခန်း ၁၆ မဟာဗန္ဓုလလမ်း ၃၉ လမ်းနှင့် လမ်း ၄၀ အကြား ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၉၉၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်ဆင်ဖတ်ရှုပါရန်

(၂-၁-၂၀၀၄)နေ့ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈) တွင် ဖော်ပြထားသော ပညာရေးနှင့်ကျန်းမာရေးကဏ္ဍမြင့်မားတိုးတက်လာသော ပြည်သူ့ဘဝဆောင်းပါးပုံစာ၌"မန္တလေးမြို့ ကလေးဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ်ခဲ့သည့်တင်ပါးဆုံချင်းဆက်အမြွှာ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

အက်ဖ်အေဖလား တတိယအဆင့်နှင့် ပရီမီယာရှစ်အသင်းများ အနေအထား

ဟိန်းသန့်

အင်္ဂလန်ဘောလုံးရာသီတစ်ခုတွင် ပရီမီယာရှစ်က အသင်းများအတွက် ပြိုင်ပွဲကြီးသုံးရပ်ကို နွှဲကြရလေ့ရှိသည်။ ကားလင်းဖလားဟုအမည်တွင်သော လိဂ်ဖလား၊အက်ဖ်အေဖလားနှင့်ပရီမီယာရှစ်ဖလားပွဲများဖြစ်သည်။ထိုပြိုင်ပွဲသုံးရပ်အနက် လိဂ်ဖလားပွဲမှာ ဆီမီးဖိုင်နယ်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ပရီမီယာရှစ်ပြိုင်ပွဲမှာလည်း ပြိုင်ပွဲတစ်ဝက်ကျိုးနေပေပြီ။

ထိုအချိန်၌ ပရီမီယာရှစ်အသင်းများအတွက်နောက်ထပ်ပြိုင်ပွဲတစ်ခုဖြစ်သည့် အက်ဖ်အေဖလားပွဲကို နွှဲကြရတော့မည်ဖြစ်သည်။အက်ဖ်အေဖလားကား အင်္ဂလန်၌ သက်တမ်းအရင့်ဆုံး အင်္ဂလန်ရှိ အတန်းအသီးသီးက အသင်းတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရကြသည့် ပြိုင်ပွဲဖြစ်သည်။ ပထမအဆင့်၊ ဒုတိယအဆင့်များကား ပြီးဆုံးသွားပြီ။ ယခု ကစားရမည်က တတိယအဆင့်၊ ပရီမီယာရှစ်ကအသင်းများအနေဖြင့် ယခုရောက်ရှိသည့် တတိယအဆင့်မှစ၍ ကစားကြရမည်ဖြစ်သည်။

ဤအဆင့်၌ စောစောစီးစီးပရီမီယာရှစ်အသင်းများအချင်းချင်း ပြန်ဆုံနေသည့်ပွဲများပါနေသည်။ တချို့အသင်းများက ပထမတန်း၊တချို့က ဒုတိယတန်း၊ တတိယတန်း အသင်းများနှင့်ဆုံကြမည်ဖြစ်သည်။ အက်စတန်ဗီလာနှင့် ကစားရမည့် မန်ယူ၊ လိဒ်စ်နှင့်ကစားရမည့် အာဆင်နယ်လိုအသင်းများထက် တတိယတန်းက ယီယိုဗေးလ်လို အသင်းနှင့်ကစားရမည့် လီဗာပူး၊ ပထမတန်းမှ ဝက်ဖို့ဒ်လို အသင်းနှင့်ကစားရမည့် ချယ်လ်ဆီးတို့က အခွင့်အရေးပိုကောင်းသည်ဟုတော့ ထင်စရာပင်။

သို့သော် ဘောလုံးမှာ လုံးဝန်းနေသည်။ တစ်ပွဲတည်းနှင့် အနိုင်အရှုံးကို ဆုံးဖြတ်၊ တစ်ပွဲတည်း အနိုင်အရှုံးမပေါ်မှသာ ကွင်းပြန်ပြောင်းပြီး ကစားရသည့် ယခုလိုပြိုင်ပွဲမျိုး၌မထင်မှတ်သည်များဖြစ်လေ့ရှိတတ်သည်မှာ သဘာဝလိုဖြစ်နေသည်။မည်သူတွေ နောက်တစ်ဆင့်ရောက်ပြီး မည်သည့်အသင်းများ ဤတတိယအဆင့်နှင့်ပင် ကျေနပ်လိုက်ကြရမည်မှာလည်း စိတ်ဝင်စားစရာပင်ဖြစ်သည်။ အက်ဖ်အေဖလား တတိယအဆင့်အတွက်ကြိုတင်၍ ခံစားကြည့်မိသောအမြင်နှင့်အတွေးအချို့ကို ဖော်ပြပေးလိုက်ပါသည်။ တတိယအဆင့်ပွဲများကို ဇန်နဝါရီလ၃ရက်နှင့် ၄ရက်(စနေ၊တနင်္ဂနွေ)နေ့များတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အက်စတန်ဗီလာ-မန်ယူ

၄-၁-၂၀၀၄ ည ၇း၀၀

ပရီမီယာရှစ်ကအချင်းချင်းပွဲဖြစ်နေ၍ စိတ်ဝင်စားဖွယ်ကောင်းနေသည်။ ဤနှစ်သင်းပရီမီယာရှစ်ပွဲအဖြစ်ဆုံခဲ့ကြသည်မှာ တစ်လပင်မပြည့်သေး။ ပရီမီယာရှစ်ပွဲစဉ် ၁၅အဖြစ် ဤနှစ်သင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကြစဉ်က မန်ယူက ၄-၀ဖြင့် ပြတ်ပြတ်သားသား နိုင်ထားသည်။

သို့ရာတွင် ယခုပွဲ၌ ထိုအဖြေမျိုးပြန်ထွက်ရန် မလွယ်တော့။ ကစားရမည်က ဗီလာအသင်း၏ ကွင်းဖြစ်နေသည့်အပြင် ဗီလာကလည်း ခြေပြန်တက်နေချိန်ဖြစ်နေသည်။ ရှေ့တန်းက အိန်ဂျယ်လ် ခြေစွမ်းပြနေသည်။ ဂိုးတွေပုံမှန်ပြန်သွင်းနေသည်။ ဗက်ဆဲလ်အသင်းအတွက် အကောင်းဆုံးများ ပြန်ပေးနေသည်။ အိုလာရီကပင် ချီးကျူးနေရသည်။ ဗီလာတို့အနေဖြင့် လိဂ်ဖလား ကွာတားဖိုင်နယ်၌လည်း အိမ်ကွင်းမှာချယ်လ်ဆီးကို ဖြိုချခဲ့ပြီဖြစ်သည်။ဗီလာ ၂-၁ ချယ်လ်ဆီး။ ထို့ကြောင့် မန်ယူတို့အနေဖြင့် ယခုပွဲကို ပေါ့ဆ၍ မရတော့။

သို့သော် မန်ယူအတွက် မှန်းဆရန် ခက်နေသည်က ဆရာကြီး ဖာဂူဆန်ပင်ဖြစ်သည်။ ဖာဂူဆန်အနေဖြင့် ယခုပွဲကို မည်သို့သဘောထားမည်ဆိုသည်မှာတွေးရခက်နေသည်။ အဲဗာတန်ကို ရင်ဆိုင်သလို လူငယ်များကို ပွဲထုတ်မည်လား၊ မစ်ဒယ်ဘရော့နှင့်ပွဲလို ဝါရင့်များဖြင့် ဗီလာကို ရင်ဆိုင်မည်လားဆိုသည်မှာ မှန်း၍ မရသေး။ သေချာသည်ကတော့ ဗီလာပင်။ အက်စတန်ဗီလာအသင်းအနေဖြင့် ပရီမီယာရှစ်ချန်ပီယံဖြစ်ခွင့်ထက် ယခုလို အက်ဖ်အေပွဲမျိုးက ချန်ပီယံနိုင်ရန် အခွင့်အရေးပိုရှိနေရာ မန်ယူကို ဂရုတစိုက်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်မှာ ယုံမှားစရာမရှိပေ။

မန်ယူအသင်းအနေဖြင့် ယခုပွဲပြီးပါက ပရီမီယာရှစ်ပွဲအဖြစ် ဘော်လ်တန်အသင်းနှင့် အဝေးကွင်း၌ ကစားဖို့ရှိနေရာ အပြိုင်အဆိုင် ပိုဖြစ်နေသော ပရီမီယာရှစ်ဘက်ကို ပိုပြီးအာရုံကျနေနိုင်သည်။ ထိုအခြေအနေအရ ယခုပွဲ၌ ဗီလာ အလေးသာသွားနိုင်သည်။

လိဒ်စ်-အာဆင်နယ်

ဤနှစ်သင်း ပရီမီယာရှစ်ပွဲစဉ် (၁၁)လိဒ်စ်ကွင်း၌ဆုံခဲ့စဉ်က အာဆင်နယ်အနိုင်ကစားထားသည်၊ ၄-၁။ ယခုပြန်အဆုံတွင် အာဆင်နယ်ပင်အသာယူဦးမည့်ပုံရှိသည်။ လိဒ်စ်အသင်းအနေဖြင့် ပရီမီယာရှစ်၌ ရုန်းကန်နေရသည်။ ထို့ကြောင့် အတန်းဆင်းရမည့် အန္တရာယ်မျိုးမှဝေးရန် ပရီမီယာရှစ်ကို အာရုံပိုစိုက်မည့်အချိန်ဖြစ်နေသည်။ လိဒ်စ်တို့အနေဖြင့် ပြိုင်ပွဲ နှစ်ရပ်စလုံးအပေါ် အာရုံများမိပါက အသင်းအနေဖြင့်အခက်အခဲပိုတွေ့သွားနိုင်သည်။လက်ရှိခြေစွမ်းတွင်လည်း လိဒ်စ်တို့ခြေပြန်တက်လာသလိုရှိနေသော်လည်း ရှေ့တန်းကဗီဒူကာ၊စမစ်တို့၏ ဂိုးသွင်းအားကို သိပ်ပြီး စိတ်ချ၍ မရသေးသကဲ့သို့ ခံစစ်၌ ရာဒီဘီမကစားနိုင်တော့သည်က လိဒ်စ်ခံစစ်ကို အားနည်းသွားစေနိုင်သည်။

အာဆင်နယ်မှာ ယခုရာသီ၌ အင်္ဂလန်ပွဲများတွင် ရှုံးပွဲတစ်ပွဲမျှမကြုံဖူးသေး။လိဂ်ဖလား၌ ဆီမီးဖိုင်နယ်အဆင့်ထိရောက်နေသလို ပရီမီယာရှစ် ၁၉ပွဲတွင်လည်း အရှုံးမရှိ။ ထို့ကြောင့် ထိုစံချိန်ကောင်းကိုဝင်းဂါးနှင့်သူ့အသင်းသားများ ဆက်ထိန်းထားချင်လိမ့်မည်။ ယခုပွဲ၌ အာဆင်နယ်တို့ လူစုံတက်စုံပွဲထုတ်မည်ဟုတော့မထင်မိ။အသင်းကိုလူငယ်နှင့် လူဟောင်းမျှ၍ ပွဲထုတ်မည်ထင်သည်။ သို့သော် လက်ရှိအချိန်အာဆင်နယ်တို့၏ ခြေစွမ်းမှာတည်ငြိမ်နေသည့်အပြင် ကစားသမားများ၏စိတ်ဓာတ်အနေအထားပါ တိုးတက်လာနေသဖြင့် လိဒ်စ်ကိုအနိုင် သို့မဟုတ် သရေတော့ရအောင် ကစားနိုင်ဖို့ များနေသည်။

ဆောက်သမ်တန်-နယူးကာဆယ်

ပရီမီယာရှစ်ပွဲစဉ်(၈)နယူးကာဆယ်ကွင်း၌ ဆုံခဲ့စဉ်က နယူးကာဆယ် တစ်ဂိုးတည်းဖြင့်ကပ်ပြီး အနိုင်ကစားခဲ့သည်။ ဆောက်သမ်တန်မှာ ပြီးခဲ့သည့် ရာသီက အက်ဖ်အေဖလားဗိုလ်လုပွဲအထိရောက်ခဲ့ပြီးအာဆင်နယ်ကိုရှုံးကာ တတိယဖြင့်ကျေနပ်ခဲ့ကြရသည့်အသင်းဖြစ်သည်။ နှစ်သင်းစလုံး ဤရာသီ အောင်ပွဲအတွက် ယခုအက်ဖ်အေဖလားသာရှိတော့သည်။အထူးသဖြင့် နယူးကာဆယ်အသင်းအနေဖြင့် လိဂ်ဖလားတတိယအဆင့်က ဝက်စ်ဘရွန်းကိုအိမ်ကွင်း၌ ရှုံးခဲ့ရသည့်သိက္ခာကိုယခုအက်ဖ်အေဖလား၌ပြန်ဆယ်ဖွယ်ရှိသည်။

သို့ရာတွင် အသင်း၏အနေအထားမှာ သိပ်အကောင်းကြီး မဟုတ်သည်က ခက်နေသည်။ အထူးသဖြင့် နောက်ပိုင်းပွဲများ၌ နယူးကာဆယ်ကစားပုံ မစွံသည့်အပြင် ရှေ့က ရှီးယားရား ဂိုးပေါက်ပြန်ပျောက်သွားသဖြင့် နယူးကာဆယ်တို့ ဂိုးရရေးခက်ခဲသွားသည်ကို တွေ့ရသည်။ ဆောက်သမ်တန်၏အိမ်ကွင်း ကစားပုံ မဆိုးလှ။ ပရီမီယာရှစ်၌နှစ်ပွဲဆက်တိုက်ရှုံးခဲ့ရသော်လည်း အသင်း၏ ခြေစွမ်းမှာ တောင့်တင်းနေဆဲရှိသေးသည်။ အိုမဲရော့၊ ပါဟာတို့၏ ကွင်းလယ်မှာမာကျောနေဆဲရှိနေသည်။ ထို့ကြောင့် ရှေ့တန်းက ဘီတီသာဂိုးသွင်းပြနိုင်ဖို့လိုနေသည်။ နယူးကာဆယ်တို့ စိန့်ကွင်း၌ သရေကျခဲ့လျှင်ကံကောင်းသည်ဟုဆိုနိုင်သည်။

ဘာမင်ဂမ်-ဘလက်ဘန်း

ဘာမင်ဂမ်တို့အနေဖြင့် ပရီမီယာရှစ်ပွဲစဉ်(၁၅)က ရှုံးကြွေး ပြန်ဆပ်ရဖို့ရှိနေသည်။ ထိုပွဲ၌ အိမ်ကွင်းတွင် ဘာမင်ဂမ်တို့မရှုမလှအရေးနိမ့်ခဲ့ရသည်၊၄-၀။တကယ်တမ်းယှဉ်လိုက်လျှင် နှစ်သင်းစလုံး ခြေစွမ်းချင်းမကွာလှ။ ဘာမင်ဂမ်က ခံစစ်ပိုင်း၌ ပိုတောင့်တင်းသလိုရှိသည်။ သို့သော် ခက်နေသည်က ဘာမင်ဂမ်၏တိုက်စစ် အားနည်းလွန်းနေခြင်းဖြစ်သည်။ ဘလက်ဘန်းမှာ ယခုနောက်ပိုင်း ခြေတက်လာသလိုတော့ရှိသည်။ သို့သော် ခြေစွမ်းတည်ငြိမ်မှု လိုနေသေးသည်။ သို့သော် နယူးကာဆယ်အသင်းကို အဝေးကွင်း၌ အနိုင်ရထားသည်မှာ ပူပူနွေးနွေးရှိနေဆဲဖြစ်၍ အသင်းသားများကြား ယုံကြည်မှုပိုအားကောင်းနေနိုင်သည်။ ဘာမင်ဂမ်ကိုလည်း ဘာမင်ဂမ်ကွင်း၌ ဂိုးပြတ် အနိုင်ရထားဖူးရာ စိတ်ဓာတ်ပါအသာစီး ရှိနေနိုင်သည်။ ဘလက်ဘန်းမရှုံးနိုင်ဟု ထင်မိသည်။

မန်စီးတီး-လက်စတာ

မန်စီးတီးအတွက် သိက္ခာဆယ်ပြရန် ယခုပွဲသာကျန်တော့သည်။ သို့ရာတွင် အသင်း၏ ခြေစွမ်းအရ အားရစရာမကောင်းလှသေး။ ရှေ့တန်းက အနယ်လ်ကာ၊ ဖောင်လာ၊ စီဘီယားစကီးတို့ ဂိုးပြန်ရ၍ အားတက်၍မရသေး။ ခံစစ်ကြောင်း က ယိုယွင်းနေဆဲ၊ဂိုးများ ပြန်ပေးနေရဆဲရှိနေသေးသည်။လက်စတာအသင်း၏နောက်ပိုင်းကစားပုံမှာမဆိုးလှ။ ရှေ့ကဂိုးရအောင်သွင်းနိုင်သူများရှိနေရာ ပေးရသည့် ဂိုးများကို ပြန်လိုက်ချေနိုင်စွမ်းရှိသည်။ အသင်းလိုက်ကစားပုံကလည်း အားရှိရာ မတည်ငြိမ်သေးသည့် မန်စီးတီးအတွက် စိုးရိမ်စရာတော့ကောင်းနေသည်။

မန်စီးတီးအနေဖြင့် ကွင်းလယ်ကစားကွက် ကောင်းသော်လည်း ရှေ့တန်းက ဂိုးသွင်းအားနှင့် ခံစစ်ကြောင်းကို မယုံရဲသေးဘဲရှိနေသည်။ထိုနှစ်သင်းပရီမီယာရှစ်ပွဲစဉ် (၁၂) မန်စီးတီးကွင်းတုန်းကလည်း လက်စတာကပင် ၃-၀ဖြင့် အနိုင်ရထားရာ လက်စတာတို့စိတ်ဓာတ်ရေးရာအရတစ်ပန်းသာနေနိုင်သည်။ သရေကျဖို့များနေသည့်ပွဲ ဖြစ်သည်။

ဝက်ဖို့ဒ်-ချယ်လ်ဆီး

ဝက်ဖို့ဒ်နှင့်ကစားရ၍ ချယ်လ်ဆီးအခွင့်အရေးပိုကောင်းနိုင်သည်ဟု မျှော်လင့်နိုင်သော်လည်း ဝက်ဖို့ဒ်ကို သိပ်ပြီးလျှော့တွက်ထားလို့တော့မရပေ။ ပထမတန်းအသင်းများအနေဖြင့် ပရီမီယာရှစ်က အသင်းကြီးများနှင့်တွေ့တိုင်း အိမ်ကွင်း၌ ခြေကုန်ထုတ်ကာ ရင်ဆိုင်လေ့ရှိသည်။ထို့အပြင် ချယ်လ်ဆီးကိုလည်း ယခုလိုပွဲမျိုး၌ အပိုင်တွက်ထား၍မရ။ လိဂ်ဖလားပွဲများကို ကြည့်လိုက်ပါ။ တတိယအဆင့်အိမ်ကွင်း၌ နော့စ်ကောင်တီကို ၄-၂၊ စတုတ္ထအဆင့်၌ ရီဒင်းကို အဝေးကွင်း၌ ၁-၀ဖြင့် နိုင်အောင် နှစ်ပွဲစလုံးကို ခက်ခက်ခဲခဲကြိုးစားခဲ့ရသည်။ ကစားသမားများကိုယ်တိုင်ကလည်း ယခုလိုပွဲမျိုးကို အားသိပ်မထည့်ဘဲ ကစားတတ်သည်။ ထို့အပြင် ယခုပွဲပြီးပါက ပရီမီယာရှစ်ပွဲစဉ် (၂၀)အဖြစ် လီဗာပူးနှင့် ကစားရမည့်ပွဲလည်းရှိနေသေးရာ ချယ်လ်ဆီးတို့ ယခုပွဲ၌ အရန်အများစုကို ပွဲထုတ်မည့်ပုံရှိနေနိုင်သည်။ ကစားသမားချင်း အတွေ့အကြုံချင်း ကွာလွန်းနေ၍သာ ချယ်လ်ဆီးတို့နိုင်သွားနိုင်သည်။သို့သော် ဂိုးပြတ်ဖို့တော့ သိပ်မလွယ်လှဟု ထင်မိသည်။

ယီယိုဗေးလ်တောင်း-လီဗာပူး

ယီယိုဗေးလ်တောင်းမှာ တတိယတန်းအသင်းလေးဖြစ်သည်။ ထိုအသင်းလေးအနေနှင့် အက်ဖ်အေလိုပွဲမျိုး၌ လီဗာပူးလိုအသင်းကြီးနှင့် ရင်ဆိုင်ရ၍ ပျော်နေကြသည်။ အသင်းအပေါ်လည်း မည်သည့်ဖိအားမျှမရှိ။ သည်တော့ လီဗာပူးကို အိမ်ကွင်း၌ ပေါ့ပေါ့ပါးပါးပင် ပြန်၍ ရင်ဆိုင်ကြလိမ့်မည်။လီဗာပူးအသင်းအနေဖြင့် ယခုပွဲ၌ အိုဝင် ပြန်ကစားမည်။သို့သော် အမာခံများကို ချယ်လ်ဆီးနှင့်ကစားရမည့်ပရီမီယာရှစ်ပွဲအတွက် အနားပေးထားနိုင်သည်။ အခြေအနေချင်း ကွာခြားလွန်းသဖြင့် လီဗာပူး အနိုင်ရဖို့များနေသော်လည်း အလွယ်တကူအနိုင်ရသွားခြင်းမျိုးတော့ မဖြစ်နိုင်ဟု မှန်းဆမိသည်။

အခြားပွဲစဉ်များ

ပို့စ်မောက်-ဘလက်ပူး
ဖူလ်ဟမ်-ချာတင်ဟမ်
တော့တင်ဟမ်-ခရစ္စတယ်ပဲလေ့စ်
ထရန်မီယား-ဘော်လ်တန်
မစ်ဒယ်ဘရော့-နော့စ်ကောင်တီ
အဲဗာတန်-နော့ဝှစ်ချ်စီးတီး
ကစ်ဒါမင်စတာ-ဝုလ်ဖ်
ဂီလင်ဂမ်-ချာလ်တန်

အက်ဖ်အေဖလား တတိယအဆင့်ကို ပွဲပေါင်း ၃၂ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ယခုဖော်ပြခဲ့သည့်ပွဲစဉ်များမှာ ပရီမီယာရှစ်ကအသင်းများ ယှဉ်ပြိုင်ကြရမည့်ပွဲမျိုးသာ ဖြစ်ပေသည်။ ။

မျိုးဆက်ပွားကျန်းမာရေးစီမံချက် ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

ပန်းတနော် ဒီဇင်ဘာ ၂၆

ပန်းတနော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မျိုးဆက်ပွား ကျန်းမာရေးစီမံချက်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကို ဒီဇင်ဘာ ၂၁ရက်နံနက်က အခြေခံပညာမူလတန်းကျောင်း အမှတ်(၁) အနောက်ရပ်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ သင်တန်းသားများတက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်ကအဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စီစိုးက မျိုးဆက်ပွား ကျန်းမာရေး စီမံချက်ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း၏ အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

(ဝဲပုံ) (၃၂၇)

ဒီဇင်ဘာ ၂၅ ရက်က မိတ္ထီလာမြို့နယ် ဂဠုံကုန်းကျေးရွာအုပ်စုနှင့် ကျောက်ဖြူကုန်းကျေးရွာအုပ်စုတို့ ဆက်သွယ်သည့် ကျေးလက်လမ်း ဖောက်လုပ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသင်းမင်းလတ်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၄၁၄)

International Business Finance Course 2004

Account Care Group - No.(357), 1st Floor, Mahabandoola Road, Kyauktada Township, Yangon. Tel: 282081, 09500-2812

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၄၈/၂၀၀၃ (၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	ကွန်ပျူတာသိပ္ပံဘွဲ့	၂ နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၆-၁-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/-ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄-၂-၂၀၀၄ နေ့နှင့် ၁၅-၂-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၂-၂-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မင်္ဂလာဒုံမြို့နယ် စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်-

(၁) **ဘာသာပြန်** (အသက် ၂၅ နှစ်အောက်) မ (၁)ဦး
- အင်္ဂလိပ်၊ မြန်မာ၊ တရုတ်ဘာသာစကားနှင့် office 2000 ကျွမ်းကျင်ရမည်။

(၂) **စားဖိုမှူး** ကျား (၁)ဦး
- တရုတ်ဟင်းလျာနှင့် မြန်မာစားဖွယ်ရာ ကျွမ်းကျင်စွာချက်တတ်ရမည်။

(၃) **သူနာပြု** မ (၁)ဦး
- တရုတ်စကားကျွမ်းကျင်စွာ ပြောတတ်ရမည်။

(၄) **Store keeper** မ (၁)ဦး
- ဘွဲ့ရ၊ ကွန်ပျူတာလိုင်းဆိုင်ရာ Store ထိန်းသိမ်းသည့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။ တရုတ်စာ၊ တရုတ်စကား ကျွမ်းကျင်ရမည်။

(၅) **Making Tool Design** ကျား (၁)ဦး
- Mechanical နှင့်ပတ်သက်သော ဘွဲ့တစ်ခုခုရရှိထား၍ ၎င်းဘာသာရပ်ကို ကောင်းစွာနားလည်တတ်ကျွမ်းရမည်။ အင်္ဂလိပ်စာ၊ စကားကျွမ်းကျင်ပြီး အသက် (၂၈)နှစ်အောက် ဖြစ်ရမည်။
- Auto CAD 2000, Office 2000, Excel, Access ကောင်းစွာကျွမ်းကျင်ရမည်။

(၆) **Machine Designer** ကျား(၁)ဦး
- စက်ယန္တရားနှင့် လျှပ်စစ်ဓာတ်အား စက်ပစ္စည်းများဆိုင်ရာ ဘွဲ့တစ်ခုခုရရှိထား၍ စက်ပိုင်းဆိုင်ရာ ဗဟုသုတပြည့်စုံရမည်။
